ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ကောင်းမှုပွားများခြင်းက နှစ်တန်သောဘဝ ချမ်းသာစေတတ်

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏။ ထိုကောင်းမှုဌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏။ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါဝင်(ခမ္ဘဝ-၁၁၈)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 11 November 2026 ၂၀၂၆

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့် ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာ အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပ ပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဒုတိယ သမ္မတများ ဖြစ်ကြသည့် ဦးညီဥစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

လွှတ်တော် လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီ ကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ

စာမျက်နှာ » ၆

ဘားအံစက်မှုဇုန်၌ ဒေသထွက်ရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ တစ်နှစ်လျှင် ရော်ဘာဖိနပ် ဒါဇင် တစ်သိန်းငါးသောင်း ထုတ်လုပ်နိုင်သည့် စက်ရုံဖွင့်လှစ်

ဘားအံ နိုဝင်ဘာ ၁၀

ကရင်ပြည်နယ်အတွင်း ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို ဝယ်ယူပြီး အခြားဓာတုကုန်ကြမ်းများနှင့်ရောစပ်၍ တစ်နှစ်လျှင် အရည်အသွေးမြင့် ရော်ဘာဖိနပ် ဒါဇင် တစ်သိန်းငါးသောင်း ထုတ်လုပ်နိုင်သည့် Thai Fashion ရော်ဘာဖိနပ် ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံ – လှိုင်းဘွဲ့ ကားလမ်းမကြီးဘေး ဘားအံစက်မှုဇုန် အမှတ်(၁)ရှိ အဆိုပါစက်ရုံ၌ ကျင်းပသည်။

အဆိုပါ စက်ရုံကို ရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေကျပ် သန်း ၁၅၀၀ ဖြင့် တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❀




လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူ သတိပေးပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ရန်ကုန်မြို့ရှိ ဂျာမနီသံရုံး ယာယီတာဝန်ခံ မစ္စတာ မာသီးရက်စ် လေရှာစ်အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ဂျာမနီသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ၌ နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော သံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ ခေါ်ယူ သတိပေးပြောကြားခဲ့ပြီး သတိထောက်လွှာ ပေးအပ်ခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❋

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်



နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့မှ တိုက်ခတ် လာသော လေန္တေများနှင့် တရုတ် ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ တိုက်ခတ်လာ သော လေအေးများ တွေ့ဆုံမှု ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊

စာမျက်နှာ ၆ ကော်လံ ၅ သို့ ✳

ယနေ့ ဖတ်စရာ

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

စာမျက်နှာ » ၇

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (ဆဋ္ဌမအကြိမ်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ကျင်းပ

စာမျက်နှာ » ၁၁

နယ်မြေဒေသအေးချမ်းလုံခြုံရေး အကြမ်းဖက်သမားများကိုရှင်းလင်း

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်နေသည့် အကြောင်းရင်းများစွာတို့တွင် ပထဝီအနေအထားအခက် အခဲများသည် အကြောင်းအချက်တစ်ခုအဖြစ် ပါဝင်သည်။ မြန်မာနိုင်ငံသည် သွားလာရန်ခက်ခဲသည့် တောတောင်၊ လျှို့ဝှက်ခိုလှုံရာမြစ်ချောင်းများ ပေါများသောနိုင်ငံ ဖြစ်သည်။ အဆိုပါနေရာများတွင် အကြမ်းဖက်သောင်းကျန်းသူများ အခြေချ ခိုအောင်းပြီး ဒေသန္တရ နိုင်ငံထိခိုက်ပျက်စီးစေသည့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့နှင့် ဆက်စပ်သည့်နေရာများသည် တောတောင်များအလွန်ထူထပ်ပြီး သွားလာရန်ခက်ခဲသောနေရာများ ဖြစ်သည်။ ပြီးခဲ့သည့်ရက်က မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏ နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့အတွင်း ခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြု နေထိုင်ရာအကြမ်းဖက်စခန်းများအား တပ်မတော်စစ်ကြောင်းများက စနစ်တကျချီတက် တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း သိရသည်။ အဆိုပါနေရာများသည် သောင်းကျန်းသူများ အစဉ်အဆက် ခိုအောင်းအခြေချ လှုပ်ရှားခဲ့သောနေရာများဖြစ်သည်။

အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မွန်ပြည်နယ် သိမ်ဖရပ်-ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေအစပ်တို့ရှိ သွားလာရခက်ခဲသည့် တောတောင်လျှို့မြောင်များအတွင်း ခိုအောင်းနေထိုင်၍ ဥပဒေမဲ့ မသမာသော နည်းလမ်းအမျိုးမျိုးနှင့် ရရှိလာသောအကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ် များ လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့သည် လက်လုပ်စိန်ပြောင်းများ၊ လက်လုပ် သေနတ်များ၊ ဖောက်ခွဲရေးသုံးပစ္စည်းများအသုံးပြုပြီး လက်နက်အားကိုးဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျေးရွာ များတွင်နေထိုင်ခြင်း၊ ပတ်ဝန်းကျင်နေရာများတွင် စစ်စခန်းများ အခိုင်အမာ ဆောက်လုပ်ခြင်းများပြုလုပ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ဒုက္ခပေးလျက် ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အဆိုပါဒေသများ၌ ယာယီစိုးမိုး အခြေပြုစဉ် ဒေသခံပြည်သူများ၏နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်ခြင်း၊ ဆက်ကြေး ကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရဟန်းသံဃာများနှင့် သစ္စာရှိနိုင်ငံဝန်ထမ်းများ အား "ဒလန်"ခေါင်းစဉ်တပ်စွပ်စွဲပြီး ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။ ထို့အပြင် ၎င်းဒေသများအတွင်းရှိ ဒေသခံပြည်သူ လူထု ကုန်စည်ပို့ဆောင်မှုများပြုလုပ်လျက်ရှိသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွား မော်တော်ယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်း များအား ဖိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူများ အား အကြောင်းမဲ့သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက် ရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများမှာ ဒုက္ခဆင်းရဲ ရောက်လျက်ရှိသည်။

အဆိုပါဒေသများတွင် အကြမ်းဖက်သောင်းကျန်းသူများ လှုပ်ရှားလျက်ရှိ ကြောင်း ဒေသခံတာဝန်သိပြည်သူများ၏ တိကျသောသတင်းပေးပို့မှုအရ တပ်မတော် စစ်ကြောင်းများက နိုဝင်ဘာ ၃ ရက်နေ့မှစတင်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်နေ့အတွင်း KNU၊ KNLA တပ်မဟာ(၁) ရင်း (၃)ဌာနချုပ်အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်းလေးခုကို သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများ ဆက်လက် ခိုအောင်နေခြင်းမရှိစေရန် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မနား ညမနား သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်နေ့တွင် ရွှေကျင်မြို့နယ် အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီးမှ NUG၊ CRPH အကြမ်းဖက်သောင်းကျန်းသူ များ၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ စခန်း ၁၁ ခု တို့ကို လက်နက်ခဲယမ်းမျိုးစုံနှင့်အတူ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး သောင်းကျန်းသူ များ ထိခိုက်ဆုံးရှုံးမှုများဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ဖျက်ဆီးနေကြသည့် လက်နက်ကိုင်သောင်းကျန်း သူများအား မည်သည့်ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်နိုင်ခြင်းမရှိစေရန် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို တာဝန်သိဒေသခံ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုဖော်ပြပါဒေသများတွင်သာမက အခြားဒေသများတွင်ပါ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားမှု မရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်၍ အရှိန် အဟုန်မြှင့်တင် တိုက်ခိုက်ချေမှုန်းလျက်ရှိပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်ကို ယင်းဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(၃၉)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်းရန် နှိုးဆော်

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံစာရေးဆရာအသင်းသည် စာဆိုတော်ခေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသက်(၈၀) နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို ဖိတ်ကြား၍ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများဖြင့် နှစ်စဉ်လှူဒါန်း ကန်တော့ခဲ့ကြသည်။

မြန်မာနိုင်ငံ စာဆိုတော်ခေ့အထိမ်းအမှတ်အဖြစ် (၃၉) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့နယ် စာရေးဆရာအသင်းများနှင့် စေတနာရှင် အလှူရှင်များ အနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ထား သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၅၄၁၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကြေးမုံ

(၁၀-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၅ ~ ၃၆၇၀	၅၅၇.၄ ~ ၅၅၈	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၄၄၇,၁၁၇.၁၆	၆,၂၅၄,၅၂၃.၃၉	၃၁,၁၅၉,၄၀၉.၇၂	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၀ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၀ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၁,၅၀၀	၂၂,၅၀၀	၆၇၃	၁၄,၈၁၈,၅၀၀
MTSH	၈,၆၀၀	၈,၆၀၀	၃,၆၀၀	၃၀,၉၆၀,၀၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၀	၀
FPB	၆,၉၀၀	၆,၉၀၀	၅၁၂	၃,၄၅၂,၈၀၀
TMH	၃,၃၅၀	၃,၃၅၀	၁,၀၆၀	၃,၅၅၁,၀၀၀
EFR	၁,၆၅၀	၁,၆၅၀	၄,၈၄၁	၇,၉၈၇,၆၅၀
AMATA	၄,၄၀၀	၄,၃၀၀	၂	၈,၇၀၀
MAEX	၆,၅၀၀	၆,၅၀၀	၅၆၀	၃,၆၄၀,၀၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၁၀၃	၆၄၈,၉၀၀
ASPGB(PLB)	၅,၅၀၀	၅,၅၀၀	၄,၅၅၇	၂၅,၀၅၈,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိမိအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
	ယုဝါဝါ၊ သီသီမင်း၊	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဌ၊ နိုင်လင်းကြည်	သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းပုံနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၈၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြဿနာများဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တာဝန်ရှိသူများ၊ ဘင်္ဂလားအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

- **နိုင်ငံတွင်းရှိ ရေသယ်ဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားရန်လို**
- **အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့် ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ် မောင်မယ်များ သိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်**

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသ အေဂျင်စီအမှုဆောင် အရာရှိချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အာကာသသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာအာကာသ အေဂျင်စီနှင့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ပင်းရှင်းဗဟိုဌာန -၁ သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၊ ဘင်္ဂလားအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက အခြေခံပညာအဆင့်အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြဿနာများဖွင့်ပွဲ အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာ ပြဿနာများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြဿနာ၊ အာကာသနှင့် AI နည်းပညာအသုံးချပြဿနာရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တု နည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြဿနာ၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြဿနာ၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြဿနာ၊ အာကာသ စူးစမ်းလေ့လာရေးပြဿနာ၊ နက်ရှိုင်းသောအာကာသ စူးစမ်းလေ့လာရေး သုတေသနပြဿနာတို့အတွင်း ပြဿနာတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာရာ ပြဿနာအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့်အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကို သိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိအသုံးချ ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုကဲ့သို့အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့် ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ် မောင်မယ်များ သိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောင်းသားကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာ ပြဿနာအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို ကြည့်ရှုအားပေးစဉ်။







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်းအား ကြည့်ရှုလေ့လာစဉ်။

☆ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ယခင်ပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာလက်ရာများ ခင်းကျင်းပြသထားရှိမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတကကျောင်းသားကျောင်းသူလူငယ်မောင်မယ်လေးများအား ရင်းရင်းနှီးနှီး နူတ်ဆက်သည်။

အဆိုပါ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့က ကြီးမှူး၍ အနာဂတ် မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများကို အခြေခံပညာမူလတန်း အဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယနေ့တွင်လည်း ကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ “လူသားနှင့် အနာဂတ်အာကာသ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက်တွင်လည်း ကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ “အသုံးချလေ့လာအာကာသ နည်းပညာ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက်တွင်လည်း ကောင်း ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

✻ လူမှုဗီဒီယာမှ

ထိုသို့ ခေါ်ယူတွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဂျာမနီနိုင်ငံသည် ခိုင်မာသည့် ဒီမိုကရေစီစနစ်ရှိသဖြင့် သံရုံးယာယီတာဝန်ခံအနေဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် သံတမန်လုပ်ငန်းများကို လုပ်ဆောင်မည်ဟု မျှော်လင့်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတာဝန်ယူနေပြီ ဖြစ်ကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ပြောကြားချက်သည် အိမ်ရှင်နိုင်ငံ၏ နိုင်ငံတော် အကြီးအကဲကို တိုက်ရိုက် စော်ကားရာရောက်သည့်အပြင် ရွေးကောက်ပွဲ၌ မဲပေးခဲ့ကြသည့် မြန်မာပြည်သူ ၁၃ ဒသမ ၁၃ သန်းကျော်ကို မထီမဲ့မြင် ပြုရာရောက်ကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဗီဒီယို ရိုက်ကူးသည့်နေရာ ရွေးချယ်မှု အပါအဝင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူပြောဆို ဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန် အားပေးအားမြှောက် ပြုလုပ်နေသည့်အသွင် တွေ့ရပြီး ပြည်တွင်း မငြိမ်သက်မှု ဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် အားပေးလှုံဆော်ရာရောက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေး”နှင့် “နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုရှိရေး” အတွက် ဦးစားပေး ဆောင်ရွက်နေချိန်တွင် အဆိုပါလုပ်ရပ်သည် နိုင်ငံတော်တည်ငြိမ်ရေးကို မလိုလားသည့် အပြုအမူဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် ဝေဖန်ခဲ့ခြင်း ဖြစ်သဖြင့် လုံးဝလက်မခံနိုင်ဖွယ်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ပြည်သူများကလည်း လုံးဝနှစ်မြို့ခြင်းမရှိဘဲ ဆိုရှယ်မီဒီယာတွင် သံရုံးယာယီတာဝန်ခံအား ဝေဖန်ပြောကြားနေကြပြီ ဖြစ်ကြောင်း၊ ၁၉၆၁ ခုနှစ်၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၄၁(၁)အရ စေလွှတ်သည့် နိုင်ငံ၏ သံတမန်များသည် လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန်နှင့် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် တာဝန်ရှိကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် သဘောထားကာ လက်ရှိအစိုးရနှင့် လက်တွဲဆောင်ရွက်လိုခြင်းမရှိ၍ မြန်မာနိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မပြုလိုပါကလည်း မိမိတို့အနေဖြင့် တားမြစ်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားသော်လည်း အပြန်အလှန်လေးစားမှု၊ အချုပ်အခြာအာဏာ ညီမျှမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုရေးတို့သည် သံတမန်ဆက်ဆံရေး၏ မရှိမဖြစ် လိုအပ်သောအခြေခံမူများဖြစ်ပြီး အတိုအကျလိုက်နာ စောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဂျာမနီသံရုံးယာယီတာဝန်ခံ၏လုပ်ရပ်သည် သံတမန်ရာထူးနှင့်အညီ ထိန်းသိမ်းစောင့်စည်းမှုနှင့် သတိပြုဆင်ခြင်မှုတို့ကို လိုက်နာမှုမရှိဟု မှတ်ယူကြောင်းနှင့် ယင်းကို ကန့်ကွက်ရှုတ်ချကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ ပြောကြားချက်၊ ပြောကြားသည့် နေရာကိုရွေးချယ်မှုနှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် အများပြည်သူသို့ ဖြန့်ဝေမှုတို့သည် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၏ခွင့်ပြုချက်သို့မဟုတ် ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒဖြင့် ဆောင်ရွက်သည်ဆိုသည်ကို တရားဝင်ဖြေရှင်းချက်ပေးရန် တောင်းဆိုကြောင်း၊ အလားတူ လုပ်ရပ်မျိုး ထပ်မံလုပ်ဆောင်ခြင်း မပြုရန် ပြင်းထန်စွာသတိပေးကြောင်းနှင့် လုပ်ဆောင်မည်ဆိုပါက အိမ်ရှင်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သံတမန်ရေးရာ အစဉ်အလာများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ ညနေ ၆ နာရီ ၃၄ မိနစ် ၂၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်- အရှေ့တောင်ဘက် ၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ပြည်ကြီးတံခွန်မြို့နယ်၏ အရှေ့-အရှေ့မြောက်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၆ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဧလ

ရေချိုစိမ့်စမ်း မခန်းစေဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **ရေမြောင်းနှင့် မြောင်းပေါင်များပြုပြင်ပေးနိုင်ရေး၊ DEMU ရထား ပုတီးကုန်းဘူတာတွင် ရပ်ပေးနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ပြင်ပမှ မှတ်ပုံတင်ယာဉ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြန်လည်မှတ်ပုံတင်ခွင့်ပြုရေး၊ တရားမဝင်နိုင်ငံခြားသားများအား စစ်ဆေး၍ မူရင်းနိုင်ငံသို့ပြန်ပို့ရေး၊ လဝကရုံးအသစ် တည်ဆောက်ပေးနိုင်ရေးတို့**နှင့် စပ်လျဉ်း၍ **မေးခွန်း ၅ ခု** မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကျင်းပစဉ်။

ဦးစွာ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံ၏ မြောင်းနှင့် မြောင်းပေါင်များအား မည်သည့်ဘဏ္ဍာနှစ်တွင်ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လားရှိုးမြို့နယ်ရှိ ကောက်ကွေ့ဘူးမြောင်းမကြီးနှင့် ဟူးမွန်မြောင်းများသည်မြို့နေပြည်သူလူထု၏သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးမြေဧရိယာ ၇၀၀ ကျော်အတွက် စိုက်ပျိုးရေးရရှိရေးတို့ကို အကျိုးပြုနိုင်ပါကြောင်း။

အဆိုပါ ကောက်ကွေ့မြောင်းမကြီးသည် ပြီးခဲ့သည့်မိုးရာသီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောင်းမကြီး၏ အစိတ်အပိုင်း ၃ နေရာ ထိခိုက်ပျက်စီးခဲ့၍ ရေပေးဝေရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော အစိတ်အပိုင်း ၃ နေရာလုံးတစ်ဆက်တည်းပြုပြင်ပြီးစီးမှသာ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကောက်ကွေ့မြောင်းမကြီး ထိခိုက်ပျက်စီးသည့် အပိုင်း ၂ နှင့် အပိုင်း ၃ နေရာများအား ပြုပြင်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေတွင်လျာထားပြီး အပိုင်း ၁ ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ခုနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) အထွေထွေပုံလျှံရန်ပုံငွေ၌ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **ရန်ကုန်-ပြည် DEMU မီးရထားအား သဲကုန်းမြို့နယ် ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်-ပြည် ရထားလမ်းပိုင်းအတွင်း လက်ရှိပြေးဆွဲလျက်ရှိသည့် ရထား ၆ စင်းအနက် ရထား ၄ စင်းအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးလျက်ရှိပါကြောင်း၊ ပုတီးကုန်းဘူတာမှ နေ့စဉ်ခရီးသည် ၉၅ ဦးခန့်သာ စီးနင်းလျက်ရှိပြီး လက်ရှိရပ်တန့်ပေးထားသော ရထား ၄ စင်းဖြင့် ခရီးသည်စီးနင်းမှု လုံလောက်သည့် အခြေအနေဖြစ်သည့်အပြင် ၂၀၂၆ ခုနှစ် အောက်တိုဘာလမှစတင်၍ အမှတ်(၆၁) အဆန်/(၆၂) အစုနဲ့ ရန်ကုန်-ပြည်-အောင်လံ-ပုဂံ လူစီးအမြန်ရထားသည် အဆိုပါရထားလမ်းအတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်သည့်အတွက် စုစုပေါင်းရထား ၆ စင်း ရပ်တန့်ပေးလျက်ရှိပါကြောင်း။

အမှတ်(၇၃)အစုနဲ့/(၇၄)အစုနဲ့ DEMU ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်မည်ဆိုပါက ဘူတာတွင်ရပ်တန့်ချိန် ၃ မိနစ်၊ ရထားအရှိန်လျှော့ချိန် ၁ မိနစ်၊ ဘူတာမှပြန်လည်ထွက်ခွာပြီး မူလပြေးဆွဲချိန် ရရှိရန် ရထားအရှိန်တင်ချိန် ၂ မိနစ် စုစုပေါင်း ၆ မိနစ် ထပ်မံကြာမြင့်မည်ဖြစ်ပါကြောင်း၊ ပုတီးကုန်းဘူတာနှင့် နီးစပ်ရာဘူတာဖြစ်သည့်ပေါင်းတည်နှင့် သဲကုန်းဘူတာတို့မှ သွားရောက်စီးနင်းနိုင်ပါသဖြင့် DEMU လူစီးအမြန်ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လိပ်စာအတိုင်း ပြန်လည်ခွင့်ပြုပေးရန် မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ မော်တော်ယာဉ်များ နယ်ဝင်ခွင့်လျှောက်ထားခြင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသော (CKD/SKD) မော်တော်ယာဉ်များအား ပြည်တွင်းထုတ်လုပ်မှုကို အားပေးကူညီသည့်အနေဖြင့် ရန်ကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများမှ တက္ကစီဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် တင်သွင်းလာသည့် လျှပ်စစ်သုံးတက္ကစီယာဉ်များနှင့် လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များကို ရန်ကုန်လိပ်စာဖြင့် လျှောက်ထားပါက အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဇွန်သီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ရန်ကုန်-မန္တလေး-တောင်ကြီး-မော်လမြိုင် အပါအဝင် တစ်နိုင်ငံလုံး၌ ပြု တရားမဝင်နိုင်ငံခြားသားများအား စစ်ဆေးရန်နှင့် မူရင်းနိုင်ငံသို့ပြန်ပို့ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေကို နှစ်စဉ်လျာထားတင်ပြ တောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် ပုတာအိုမြို့နယ် ဦးစီးမှူးရုံးအဆောက်အအုံသည် လျာထားတောင်းခံမှုတွင် မပါရှိပါကြောင်း၊ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်း ပါဝင်ခြင်းမရှိသောကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲပြုချက်ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စီစစ်ရေးကော်မတီဥက္ကဋ္ဌ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးက ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စီစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ရှုင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

❁ ဘားအံမှ

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစောမျိုးမြင့်နှင့် ပြည်နယ် ဝန်ကြီးများက စက်ရုံကိုဖြိုးဖြတ်ဖွင့်လှစ်ပေးကြကာ စက်ရုံဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွား နှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စက်ရုံဖွင့်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ်က ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ကော ၂၇၀၀၀ ကျော်ရှိသည့်အတွက် ကုန်ကြမ်းထွက်ရှိမှုနှင့်နှိုင်းယှဉ်ပါက တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်နိုင်မှုနည်းပါးနေသေးပြီး ဘားအံစက်မှုဇုန် ဒေသဆိုင်ရာကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းရှင်များက ဆက်လက်၍ စက်ဘီးတာယာ၊ ဆိုင်ကယ်တာယာများ ထုတ်လုပ်နိုင်အောင် ကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ စက်ရုံအတွင်း တပ်ဆင်အသုံးပြုထား သည့် စက်ပစ္စည်းများ၊ ရော်ဘာဖိနပ် ကုန်ကြမ်းထုတ်လုပ်ရေး အပိုင်းနှင့် ကုန်ချောထုတ်လုပ်ရေးအပိုင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား သည်။

ကြည့်ရှုအားပေး

အလားတူ (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ဒုံးအကပြိုင်ပွဲ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ MSME ထုတ်ကုန်ပြခန်းများ၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ပြခန်းများ၊ ဇာတိသဘင်အကအလှများ၊ စွေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘားအံမြို့ သိရှိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယမန်နေ့ ညပိုင်းက ဒုံးအကပြိုင်ပွဲ ဆန်ကာတင် ၁၀ ဖွဲ့၏ ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုများကို ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက ဒေသခံ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံကျော်တေးသံရှင် ထူးအယ်လင်းနှင့် ဒေသခံအဆိုရှင်များ၏ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ချစ်ရဲမင်းဇာတ်သဘင်၏ အကအလှများဖြင့် ဖျော်ဖြေပွဲတို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ သီရိကွင်းအတွင်း ပွဲစျေးလှည့်လည်၍ ပြည်သူများနှင့်အတူ အေးချမ်းဖျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

လွတ်တော်လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီ ကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်သူ့လွတ်တော်ဒုတိယဥက္ကဋ္ဌ လွတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက နိုင်ငံတကာလွတ်တော်များတွင် ကျင့်သုံးလျက်ရှိသော မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းဆိုင်ရာ လွတ်တော်လုပ်ထုံးလုပ်နည်းများနှင့် လွတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct – COC)ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ရှင်းလင်းတင်ပြပွဲတွင် ပြည်သူ့လွတ်တော်ဒုတိယဥက္ကဋ္ဌက လွတ်တော်၏ အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုရေး၊ ပြည်သူကိုယ်စားပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းရေးတို့၌ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်း၏ အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမေရိကန်၊ ဖြိတိန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၏ လွတ်တော်လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ် နှိုင်းယှဉ်တင်ပြပြီး မြန်မာနိုင်ငံ ပြည်သူ့လွတ်တော်နည်းဥပဒေများပါ မေးခွန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၃၉ မှ ၁၄၉)နှင့် အဆိုဆိုင်ရာ ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၅၅ မှ ၁၅၈)တို့အား အခြေခံ၍ လိုက်နာရမည့် သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct-COC) နှင့်စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူအကျိုးကို ဦးစားပေးမှုတို့ကို အခြေခံ၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရာထူးနှင့် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အသုံးချခြင်းနှင့် အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေခြင်းများကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ ကျင့်ဝတ်စည်းကမ်းများသည် လွတ်တော်၏ဂုဏ်သိက္ခာနှင့် ပြည်သူ့ယုံကြည်မှုကို ထိန်းသိမ်းရာတွင် အဓိကကျကြောင်း၊ လွတ်တော်အနေဖြင့် မဟာဗျူဟာ(၅)နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာလွတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပခရီးစဉ်များကိုလည်း စေလွတ်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်သူ့လွတ်တော်ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးပြ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။



ဦးစွာ ASEAN-PAC ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် အာဆီယံဒေသတွင်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ဘုံကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ASEAN-PAC အစည်းအဝေးသို့ ပါဝင်တက်ရောက်၍ ဆွေးနွေးပေးကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား နွေးထွေးစွာကြိုဆိုပါကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက်အတွေ့အကြုံကောင်းများကို အပြန်အလှန်မျှဝေနိုင်ရန် အရေးကြီးသော အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်ဖြစ်သည့် "လူငယ်များ၏ ဖြောင့်မတ် တည်ကြည်မှုကို မြှင့်တင်၍ အဂတိကင်းစင်သော အနာဂတ်ကို တည်ဆောက်ကြပါစို့"ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် မိမိတို့အားလုံးက ဆက်လက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ ပါဝင်မှုသည် အဂတိကင်းစင်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရေးအတွက် အရေးပါသော အင်အားတစ်ရပ် ဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံဒေသအတွင်း လူငယ်များ၏ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပြီး အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ကို အတူတကွ ဖော်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ယနေ့အစည်းအဝေးမှ အကျိုးရှိသည့် ဆွေးနွေးမှုများ၊ အတွေ့အကြုံများနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ASEAN-PAC ၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး၌ အလှည့်ကျ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက ASEAN-PAC ၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ထံ ASEAN-PAC ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက် လာကြသူများကို ASEAN-PAC ၏ (၂၂)ကြိမ်မြောက် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အလှည့်ကျဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခဲ့သည့်ကာလအတွင်း ASEAN-PAC ၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဓိကရ စုံစမ်းစစ်ဆေးရေးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တိုင်ကြားစာများ စုံစမ်းစစ်ဆေးရေးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုတို့မှ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* မိုးသည်းထန်စွာမှ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ ၆၀ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေလွှဲများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသောလေအေးများ တွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုဖူအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ အထူးမိုးလေဝသသတင်းနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

မိုး/ဇလ

တာမွေမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၀

တာမွေမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်က တာမွေမြို့နယ် အခွန်ဦးစီးဌာနမှုန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)



ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၀ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂(က)အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာလိုက်သည်-

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် [ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်။]	၁၁ - ၁၁ - ၂၀၂၆
(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်	၁၂ - ၁၁ - ၂၀၂၆ မှ ၂ - ၁၂ - ၂၀၂၆

(ပုံ) သန်းစိုး
ဒုတိယ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေထံ မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့် ခန့်အပ်လွှာကို ယနေ့နှက်ဝ နာရီတွင် နေပြည်တော်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀
နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့်၏ ခန့်အပ်လွှာကို ယနေ့နှက်ဝ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံခဲ့၍ ၎င်းအား အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။ သတင်းစဉ်



သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ဥဇဘတ်ကစ္စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၁
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ် ခြင်းခံရသောပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဥဇဘတ်ကစ္စတန် သမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ် ခြင်းခံရသောပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်



လှည်းကူးမြို့နယ်၌ ငါးမွေးတောင်သူများအား အယ်လ်နီညိုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

လှည်းကူး နိုဝင်ဘာ ၁၀
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အယ်လ်နီညိုအန္တရာယ်မှ ငါးမွေးမြူရေးကဏ္ဍကိုကာကွယ်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ လှည်းကူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ဖဲခဲမကျေးရွာ၊ စွယ်လပ်ကျေးရွာနှင့် စိုင်ဒီကုန်းကျေးရွာတို့မှ ငါးမွေးတောင်သူများအား အယ်လ်နီညိုဒဏ်မှ ငါးကဏ္ဍကိုကာကွယ်နိုင်ရေးကြိုတင်ပြင်ဆင်နိုင်ရန် အသိပညာပေးဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အိရွှေစင်လတ်

အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြဿနာများသို့ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကား



နေပြည်တော် နိုဝင်ဘာ ၁၀
နေပြည်တော်ကောင်စီနှင့်မြန်မာ အာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာ ပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြဿနာများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ အောင်မြင်စွာကျင်းပခဲ့သည်။

လာရောက်လေ့လာနိုင်

အနာဂတ်မျိုးဆက်သစ်လူငယ် မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ် ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက် ပေးခြင်းဖြစ်သည်။

အာကာသ နည်းပညာဆိုင်ရာ ပြဿနာများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ် ပြဿနာ၊ အာကာသနှင့် AI နည်းပညာအသုံးချပြဿနာရှိ ရာသီဥတုနှင့် သဘာဝဝတ်ဝန်းကျင် စောင့်ကြည့် လေ့လာရေးစနစ်၊ ဂြိုဟ်တု နည်းပညာအသုံးချ Application များ၊ AI နှင့် အမေး အဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ် နည်းပညာပြဿနာ၊ သိပ္ပံ နည်းပညာ၊ အင်ဂျင်နီယာနှင့် သခ္ခါပညာရပ် ပြဿနာ၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြဿနာ၊ အာကာသ စူးစမ်းလေ့လာရေးပြဿနာ၊ နက်ရှိုင်း သော အာကာသစူးစမ်းလေ့လာ ရေးသုတေသနပြဿနာများ ပြသ ထားပြီး ပြဿနာများကို ယနေ့တွင် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ၄၇၃၂ ဦး လာရောက် လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါ ပြဿနာများကို နိုဝင်ဘာ ၁၃ ရက် အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)



လမ်းမတော်မြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

လမ်းမတော် နိုဝင်ဘာ ၁၀
ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ လမ်းမတော်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ ပေါက်ပေါက်က "စာပေအသိဖြင့် ယဉ်ကျေးမှုအမွေ ထိန်းသိမ်းစို့လေ" ခေါင်းစဉ်ဖြင့် ဟောပြောပြီး လူငယ်ကားဝိုင်းတွင် ဦးဆောင်သူအဖြစ် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဆောင်ရွက်ပြီး လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ လူငယ်နှင့် သတင်းအချက်အလက်နည်းပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ ကျော်ဆန်းမြင့်

ကြေးမုံ

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လျော်ကြေး၊ နစ်နာကြေးအတည်ပြုပေးရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြလာသည့်ကိစ္စရပ်များတွင် လယ်ယာမြေများပေါ်၌ စိုက်ပျိုးခွင့်မရှိသော သီးနှံများပါဝင်လာမှုမရှိစေရေး စီစစ်ပေးရန် ညွှန်ကြားချက်များထုတ်ပြန်ထားရှိပြီးဖြစ်၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူထားကြသည့် ဌာနအလိုက် ဝန်ထမ်းများအား ထပ်ဆင့်လမ်းညွှန်ပေးကြရန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြရာတွင်လည်းရှင်းလင်းပြောကြားပေးရန် လိုအပ်လျက်ရှိကြောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုရန် စီစစ်၍ ထောက်ခံတင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လယ်ယာမြေကို ခွင့်ပြုမိန့်ရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြလုပ်ထုံးလုပ်နည်း (SOP)အရလည်းကောင်း ကိုက်ညီမှုကန့်သတ်ရှိစေရန် စီစစ်အတည်ပြု ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းများကို တင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။



ဒုတိယအကြိမ်ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၇၇)ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇၇)ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး (77th Meeting of the Working Group on Technical Matters for the ASEAN Single Window – ASW-TWG)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Grand Amara ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ ဘရူနိုင်းဒါရုဿလံ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအို၊ အရှေ့တီမောနှင့် ဆွေးနွေးဖက် နိုင်ငံများမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်အေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Dr . Ramlah Binti Mukhtar တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက အာဆီယံဒေသတွင်း ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရန်အတွက် အာဆီယံ ပြတင်းတစ်ပေါက်စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ATIGA e-Form D၊ ASEAN Customs Declaration Document နှင့် e-Phyto Document လဲလှယ်မှုအခြေအနေများ၊ စနစ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပညာရပ်ဆိုင်ရာ အခက်အခဲများ၊ မျိုးဆက်သစ် ASEAN Single Window 2.0 အဆင့်မြှင့်တင် အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ အာဆီယံ ပြင်ပ မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက် လဲလှယ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍ အလိုက် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဒါးကတိုက်နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် နိုဝင်ဘာ ၁၀

ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစကောင်းပြည့်လင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းစိုးလွင်နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးရုံးမှ တာဝန်ရှိသူများက ဒါးကတိုက်နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ကာ မီးဘေးလုံခြုံရေးစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုရှိ/မရှိ၊ မီးသတ်ဆေးဘူးများ အလွယ်တကူအသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှု ရှိ/မရှိနှင့် မီးသတ်ရေလောင်းကန်များတွင် ရေဖြည့်တင်းထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**



သဃ်နိုးကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဂျင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က သဃ်နိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဃ်နိုးကျွန်းမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့ဝင်များဖြစ်သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးရန်နိုင်မြင့်နှင့် မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ သဃ်နိုးကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်မျိုးဝင်းနှင့် အခွန်ဦးစီးမှူး ဒုံးဦးစီးအရာရှိဦးအောင်ကျော်ကျော်တို့က အခွန်ကောက်ခံမှုဆိုင်ရာများ ဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲကို ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ စားအုန်းဆီလက်လီ၊လက်ကားအရောင်းဆိုင်များ စစ်ဆေး

ပေါက်ခေါင်း နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ပေါက်ခေါင်းမြို့နယ် စားအုန်းဆီ ဖြန့်ဝေကြေးကြေးရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပေါက်ခေါင်း မြို့ပေါ်ရှိ စားအုန်းဆီလက်လီ၊ လက်ကားအရောင်းဆိုင်များအား ရုတ်ညွှန်းစေးဖြင့် ရောင်းချမှုရှိ/မရှိနှင့် သတ်မှတ်အရေအတွက် အတိုင်း ရောင်းချမှု ရှိ/မရှိတို့ကို ယမန်နေ့နံနက်ပိုင်းက လိုက်လံ စစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ပေါက်ခေါင်း မြို့နယ် စားအုန်းဆီဖြန့်ဝေရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ပေါက်ခေါင်းမြို့ပေါ်ရှိ စားအုန်းဆီလက်လီ၊ လက်ကားအရောင်းဆိုင်များမှ ပြည်သူ့အရောင်းဆီများအား ပြည်သူများထံသို့ ရုတ်ညွှန်းစေးအတိုင်း အပြည့်အဝရောင်းချပေးမှုရှိ/မရှိနှင့် စျေးနှုန်းမြှင့်တင်ရောင်းချနေမှုရှိ/မရှိအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ တွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး



ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံပြီး လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာနမှတာဝန်ရှိသူများ၊ လူငယ်ရေးရာ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဝင်များနှင့် တက်ရောက် လာကြသူများက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

မန်းမှာဆက်သွယ်ရေးလုပ်ငန်း ဒက္ခိဏသိရိဆက်သွယ်ရေးစခန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော် ကောင်စီနယ်မြေ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ဒက္ခိဏသိရိ ဆက်သွယ်ရေးစခန်းကို ယနေ့တွင် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသက်ဝင်းအောင် သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စက်ပစ္စည်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေး ရှေ့ညွှန်ကြားမှုနှင့်နေစေရေး၊ စက်ခန်းများတွင် တပ်ဆင်ထားသည့် လေအေးပေးစနစ်များကို ကောင်းမွန်အောင် ပံ့ပုံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်၊ စက်ပစ္စည်းများ၏ ဝန်အားနှင့်လိုက်လျောညီထွေစွာ လျှပ်စစ်စွမ်းအား၊ အရန် ဓာတ်အားပေးစက်နှင့် ဘက်ထရီများကိုလည်း သင့်တင့်မျှတနိုင်နင်းစွာ အသုံးပြုနိုင်ရေး စနစ်တကျ တွက်ချက်အသုံးပြုသွားရန် မှာကြားသည်။

ဆက်လက်၍ စက်ခန်းများ၏ လုံခြုံရေးကို အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန်၊ ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်နေစေရေးနှင့် ဒေသခံပြည်သူများ အင်တာနက်နှင့် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် အတွက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အထူးအလေးထားမှာကြားခဲ့ပြီး လိုအပ်သည့် အချက်အလက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ပန်းတောင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းများ ဆောင်ရွက်



ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အသက် ၉ လမှ ၅၉ လအတွင်းရှိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက သာယာအေးရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

အဆိုပါ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက သာယာအေးရပ်ကွက်အတွင်းရှိ ကလေးငယ် ၂၆၅ ဦးတို့အား ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် စံပြရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကာကွယ်ဆေးဆက်လက်ထိုးနှံပေးခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၃ ရက် အထိ ကလေးငယ် ရည်မှန်းဦးရေ ၁၈၆၈ ဦးတို့အား ရပ်ကွက်အလိုက် သတ်မှတ်ဆေးထိုးစုရပ်များတွင် ကွင်းဆင်းထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

မကွေး နိုဝင်ဘာ ၁၀

မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ယနေ့ နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီဆိုင်များအနေဖြင့် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC) ရရှိရေး လျှောက်ထားဆောင်ရွက်ရန်၊ တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အမြဲအသင့်ဖြစ်စေရန်၊ စီမံထားရှိရေး၊ ရေရရှိရေးစီမံဆောင်ရွက်ထားရန်နှင့် ဆီဆိုင်ဝန်ထမ်းများအနေဖြင့် မီးငြိမ်းသတ်ရေးကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)



မိုင်းဖြတ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မိုင်းဖြတ် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ယမန်နေ့မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးဇော်မျိုးထွေးနှင့်တာဝန်ရှိသူများသည် မြို့နယ်အတွင်း အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)တို့က ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုဒွဲ့ပြုရန်ပုံငွေကျပ် ၁၃၅ ဒသမ ၇၂၁ သန်းဖြင့် ဆောင်ရွက်သည့် ဝမ်မိုင်ပါးပူးလမ်း ကတ္တရာခင်းခြင်း (၀/၂.၅)မိုင်နှင့် ပြည်ထောင်စုဒွဲ့ပြုရန်ပုံငွေကျပ် ၁၃၂ သန်းဖြင့် မိုင်းဖြတ်–ပါညုလမ်း ကွန်ကရစ်ခင်းခြင်း (၀/၁.၃)မိုင် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ကျောက်တံတားမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

ကျောက်တံတား နိုဝင်ဘာ ၁၀

ရန်ကုန်းတိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အခွန်ဦးစီးဌာနမှုးရုံးက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထွေးဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှုးက အခွန်ဥပဒေအရ လစဉ်ကြိုတင်ခွန်ကောက်ခံခြင်း၊ သုံးလတစ်ကြိမ် ကြိုတင်ခွန်ကောက်ခံခြင်း၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သယံဇာတကြွယ်ဝ၊ ပညာဉာဏ်ပြည့်ဝ၊ နှလုံးလှကြပြီဆိုလျှင် (၁)



ဒေါက်တာမောင်ကျော်ပါမောက္ခချုပ်(ငြိမ်း)

ဤကမ္ဘာမြေသည် ပထဝီ၊ တေဇော၊ အာဘော၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသည်။ မြေ၊ လေ၊ ရေ၊ မီးတို့သည် သက်ရှိသတ္တဝါတို့အတွက် တန်ဖိုးရှိသော သယံဇာတ၊ နိုင်ငံတော်ရွှေသီးဖို့၊ နိုင်ငံတော်သာယာဖို့ သယံဇာတများဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ ပန်းတိုင်သည် ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေအလယ်အလတ်တန်းအဆင့်သို့ ရောက်ရန်ဖြစ်သည်။ လူဦးနှောက်ဖွံ့ဖြိုးရေး၊ လူမှုမိုးအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အားပေးခြင်းဖြင့် သန်းပေါင်းများစွာသော လူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကြီးမားစွာပြောင်းလဲစေလိမ့်မည်။

- နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ကိုထိန်းကြစို့

ဟူသော ဦးတည်ချက်များနှင့် လုပ်ငန်းစဉ်များသတ်သတ်မှတ်မှတ်ချမှတ်ကာ နိုင်ငံတော်ရွှေပြည်သစ်ကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းဟူသည့် လူမျိုးစုကြီးက ဥမင်ကွဲသိုက်မပျက် စည်းလုံးလက်တွဲလျက် လက်တွေ့ကျကျ တည်ဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိပြီး နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနှင့် ရေခဲတောင်လည်းရှိ၊ မြေညြောကောင်း၊ စိုက်ပျိုးမြေများကလည်းကျယ်၊ နန်းတင်မြေနသစ်တောလမုတောလည်းရှိ၊ သစ်ခွမျိုးစုံ၊ ပန်းရုံများကလည်း မွေးကြိုင်လှပသာယာလျက်ရှိသော သယံဇာတကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မြေညြောကောင်းသော လယ်မြေ၊ နန်းတင်မြေနှ မြစ်ချောင်းအင်းအိုင်များကို မတိမ်ကောအောင်ကာကွယ်ရင်း အသက်မွေးဝမ်းကျောင်းပြုနေသူလယ်သမားများက ဧည့်ဝတ်ကျေ၊ ဖော်ရွေသိမ်မွေ့ပြီး စာပေကျွမ်းဂန်တတ်ကျွမ်းမှုရှိကြသည်။

ရက်ရောသူ၊ စဉ်းစားဆင်ခြင်တတ်သူ၊ ကူညီရိုင်းပင်းသူ၊ ရောင့်ရဲတင်းတိမ်သူ၊ ကိုယ်ကျိုးစွန့်လွတ်နိုင်သူများဟု နာမည်ရခဲ့ပြီး စေတီပုထိုးနှင့် ဘုရားတန်ဆောင်းတို့က ခေတ်အဆက်ဆက် ဘာသာတရား၊ မေတ္တာတရားကိုင်းရှိုင်းသူ မြန်မာပြည်သူများကြောင့် တင့်တယ်ခဲ့ညားလျက်ရှိသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်က ကျေးလက်ဒေသတွင် နေထိုင်ကြသည်။

မြန်မာနိုင်ငံသည် ယှဉ်ပြိုင်ကြိုးပမ်းနေရမည့် ပထဝီနိုင်ငံရေးအနေအထား ခေတ်ကာလထဲရောက်နေသည်။ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ အချက်အချာလည်းကျ၊ သယံဇာတလည်းကြွယ်ဝဆိုပြီး ငြိမ်နေရုံနှင့် ဘာမျှဖြစ်မလာနိုင်။ အတ္တာဟိအတ္တနောနာထော - မိမိကိုယ်သာ မိမိ၏ကိုးကွယ်ရာပင်။ သဘာဝအရင်းအမြစ်ကိုလည်းအားကိုး၊ ပတ်ဝန်းကျင်ကိုလည်းထိန်း၊ လုံလဝီရိယလည်းပါ၊ ပညာအမြော်အမြင်နှင့်ပေါင်းစပ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာနှင့်တွဲသုံးလျှင် ဧကန်မုချ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမည်။

မြေသယံဇာတ တေဇော အပူဓာတ်၊ သံနှင့် သံမဏိကို ကောင်းစွာနိုင်သောနိုင်ငံများ

လူယဉ်ကျေးမှုအစမှာ တရုတ်တို့က စက္ကူတီထွင်မှု၊ ယမ်းတီထွင်မှု၊ ပုံနှိပ်အတတ်ပညာတီထွင်မှု၊ သံလိုက်အိမ်မြှောင်တီထွင်မှုတို့ဖြင့် ကမ္ဘာကြီးကို ပြောင်းလဲပုံဖော်ခဲ့သည်။ ဘီစီ ၅၁၂ ခုနှစ်တွင် တရုတ်တို့က သံကျွတ်ကို ထုတ်လုပ်သုံးနေခဲ့ပြီ။ ၁၈ ရာစုနောင်းပိုင်းမှာ ရေနွေးငွေ့မောင်း မော်တော်ယာဉ် သင်္ဘော၊ ရထားတို့ပေါ်လာသည်။ အမေရိကန်၊ ရုရှားနိုင်ငံတို့က သံကိုလည်းကောင်း၊ ဒန်ကိုလည်းကောင်း၊ ဂျာမန်၊ အင်္ဂလန်၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့က သံနှင့် သံမဏိကိုလည်းကောင်း ကောင်းစွာနိုင်သဖြင့် ကြွယ်ဝချမ်းသာသွားကြသည်။ စက်ယန္တရား၊ ယာဉ်ရထား၊ ပင်လယ်ကူးသင်္ဘောကြီးများသည် သံနှင့်မကင်း။ စက်ရုံများ မီးခိုးတလူလူဖြစ်ခဲ့သည်။ ဝေဟင်လေယာဉ်များ တည်ဆောက်၍ ခရီးသွားခဲ့ကြသည်။ အနုပညာနှင့် ဗိသုကာပညာကို ဖန်တီးနိုင်ခဲ့သည်။ ဘုရား၀တ်ပြုကျောင်းများ တည်ဆောက်နိုင်ခဲ့သည်။ လူနေမှုအဆင့်မြင့်မားလာခဲ့ကြသည်။

ကုန်တင်ယာဉ်ကိုဆွဲရန် ရေနွေးငွေ့အင်ဂျင်စက်ကို တည်ဆောက်နိုင်ခဲ့ခြင်း၊ အင်ဂျင်စက်ကို ကျောက်မီးသွေးဖြင့် မောင်းနိုင်ခြင်း၊ သံသတ္တုထုတ်လုပ်နိုင်ခြင်းတို့က စက်မှုထွန်းကားရန်ဖြစ်လာခဲ့သည်။ ကနဦးနားလည်ခဲ့သည့် စက်မှုမော်အင်သည် ရေနွေးငွေ့မှဖြစ်ပေါ်သည့် အပူစွမ်းအင်၊ ထိုစွမ်းအင်ကို ကျောက်မီးသွေးလောင်ကျွမ်းခြင်းမှလည်း ရသည်။ ဥရောပတစ်ခွင် မြင်းရထားလုံးများနေရာ၌ မော်တော်ယာဉ်များ နေရာရလာပါတော့သည်။ ဆီမီးအိမ်နေရာ၌ လျှပ်စစ်မီးလုံးများဖြင့် အစားထိုးခဲ့သည်။ ကြိုးတံတားများတည်ဆောက်၊ ကြေးနန်းရိုက်ဆက်သွယ်မှုနည်းပညာ တီထွင်ခဲ့သည်။

ပထဝီဓာတ်ကို မြေသယံဇာတကြွယ်ဝသည့် သတ္တု ရွာ၊ ငွေ၊ ကြေးနှင့် သံကိုထုတ်လုပ်ခြင်းဖြင့် စက်မှုလယ်ယာသို့ လှမ်းနိုင်မည်။ **"သံသေရင် တစ်ပြည်ဝ"**ဆိုတာသိ၏။ ရှမ်းပြည်နယ်၌ သံသယံဇာတ (Hematite)၊ ထုံးကျောက် (Limestone) ရှိသည်၊ အရည်အသွေးမမြင့်သော်လည်း ကျောက်မီးသွေးရှိသည်။ သံထုတ်လုပ်ရန် အဓိက ကုန်ကြမ်းသုံးမျိုးဖြင့် သံထုတ်လုပ်နိုင်သော်လည်း မြန်မာတို့ သံထုတ်လုပ်လည်ပတ်မောင်းနေသည့် စက်ရုံ မည်မည်ရရမရှိ။ မြေရှားသတ္တု (rare earths) ကို နည်းပညာမြင့်ဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ပို၍အကျိုးဖြစ်ထွန်းပါမည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့က သိပ္ပံအရာတွင် ရှေ့တန်း၌ ရောက်ရှိနေကြသည်။ အဏုမြူစွမ်းအင်ရရှိရေး၊ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်ကို ထုတ်လုပ်သုံးစွဲနိုင်ကြသည်။ ကျောက်မီးသွေးမှလေထုညစ်ညမ်းစေသော ဓာတ်ငွေ့အမှုန်အမွှားများသန့်စင်သည့်နည်းပညာဖြင့် အမေရိကန်၊ ဂျပန်၊ ရုရှားတို့သည်လည်းကောင်း၊ တရုတ်သည်လည်းကောင်း ကျောက်မီးသွေးစက်ရုံများ လည်ပတ်လျက်ရှိနေကြသည်။ အမေရိကန်နိုင်ငံတွင် မွန်ရိုးကျောက်မီးသွေး (Monroe Coal-fired Power Plant) လျှပ်စစ်ထုတ်စက်ရုံကြီးသည်ပင် ၂၀၄၀ ပြည့်နှစ်မှ အနာယူပါမည်။

မြန်မာနိုင်ငံ၌မူ ကျောက်မီးသွေးစက်ရုံသေးသေးလေးကိုပင် တည်ဆောက်ရန် အကြောင်းမဲ့ စိုးရိမ်ထိတ်လန့်နေသည်။ တောင်ပိုင်းပင်လယ်ကမ်းရိုးတန်း မိုးများသောဒေသများ၌ နည်းပညာမဖြစ်ထွန်းမည်ကို လူအများစုမသိကြ။ မကြာသေးမီက တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လကမ္ဘာသို့ ဂြိုဟ်တုတစ်လုံး လွှတ်တင်ဆင်းသက်နိုင်သော တတိယမြောက်နိုင်ငံဖြစ်လာသည်။ အိန္ဒိယနိုင်ငံက သံကို နိုင်သည်။ သိပ္ပံနှင့် နည်းပညာဖြင့်မားသောကြောင့် လကမ္ဘာသို့ ဆင်းသက်နိုင်ပြန်သည်။

သိပ္ပံနှင့် နည်းပညာသည် ဓနဥစ္စာ

၁၈၂၀ ပြည့်နှစ်က Scotland Kilmarnock ရွာလေးရှိ John Walker & Sons က ဝီစကီ (Whisky) ကို ချက်လုပ်ခဲ့သည်။ တကယ်တော့ John Walker & Sons ဝီစကီလုပ်ငန်းက ကြီးမားသည့် သန်းပေါင်းများစွာတန် စီးပွားရေးလုပ်ငန်းကြီးဖြစ်သည်။ အင်္ဂလန် GDP တွင် အဓရာဖြစ်နေသည်။ အရည်အသွေးကောင်းဖို့၊ ဝက်သစ်ချစည် (Oak Barrel) ထဲ အပူချိန်ဘယ်လောက်မှာ ၈ နှစ်၊ ၁၂ နှစ်၊ ၁၆ နှစ် စသည်ဖြင့် သိုလှောင်ထားပြီး ကမ္ဘာကို အဆက်မပြတ်တင်ပို့သည်။

သစ်သီးတစ်ခုတည်းမှ အချိုဓာတ်တစ်ခုကို ယခင်က တောင်သူလယ်သမားက လယ်ယာထဲတွင် ယင်းအပင်ကိုစိုက်ရပါသည်၊ ယနေ့ခေတ်တွင် ထိုအချိုဓာတ်ထက် အဆပေါင်းများစွာချိုသော ဓာတ်ကို Bacteria tube ထဲ၌ ထုတ်လုပ်နိုင်ပြီ။ ယင်းနည်းပညာသစ်ကြောင့် လယ်သမားများ ပင်ပန်းကြီးစွာ လယ်ယာအလုပ် လုပ်စရာမလိုတော့သောအခြေအနေဖြစ်လာသည်။ Genome ခေတ် ရောက်လာမည်ဆိုလျှင် မြန်မာ့စိုက်ပျိုးရေးလည်း တစ်ခေတ်ဆန်းလာမည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာသည် ဓနဥစ္စာဖြစ်သည်ကို ထောက်ပြနိုင်သည်မှာ ပြင်သစ်မှ ရှန်ပိန်နှင့် ကော့ညက်၊ ဝိုင်နှင့် ရေမွေးတို့ဖြစ်သည်။ ပြင်သစ်က ပေါ်မှရသည့် အရည်သည် Fructose, Glucose တို့ ပါသည့်အတွက် အချိုအရသာ အားရှိမှန်းသိပုံရပါသည်။ ယနေ့သုတေသီများက ထန်းရည်မှ ထန်းလျက်ချက်တာသိသည်၊ နားလည်သည်။ သို့သော် သဲကြီးမဲကြီး သုတေသနပြုလုပ်မှုမရှိ။ ထန်းရည်မှ ထန်းလျက်၊ ထန်းလျက်မှ အရက်ချက်သည့်အဆင့်မှာပင် ကျေနပ်ကြသည်။ ထန်းလျက်မှ အရက်ဖြစ်တာချင်းအတူတူ ကမ္ဘာကို စီးပွားဖြစ်မတင်ပို့နိုင်ပြန်။ ကမ္ဘာကို ဖြန့်ဖို့ကိစ္စမလွယ်လှ။ ဘက်ပေါင်းစုံ စီမံခန့်ခွဲနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအားနည်းနေသည်ကို လက်ခံရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကများစွာအရေးပါလာသည်။ ကုန်ကြမ်းပစ္စည်းများ၏ ဓာစံမြစ်သည် လယ်တောထဲမှလာသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာ့အစဉ်အလာနှင့် ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကို ထိထိမိမိ အကောင်အထည်ဖော်ခြင်းဖြင့် စိုက်ပျိုးသူများ၏ ဘဝကို မြှင့်တင်နိုင်မည်။ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်သည်။ ကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်း လယ်တောထဲမှလာသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းများစွာပေါ်လာနိုင်မည်။ ရေခဲမြေခဲကောင်းသော၊ သယံဇာတပေါကြွယ်ဝသော၊ ပထဝီနိုင်ငံရေးကောင်းသော မြန်မာနိုင်ငံကြီးအား သာယာဝပြောဖွံ့ဖြိုးတိုးတက်စေရေးအတွက် စမတ်ကျသော စွန့်ဦးတီထွင်သူ လူသားအရင်းအမြစ် မွေးထုတ်ကြရမည်။

စာမျက်နှာ ၁၁ သို့ ❁

> **"မြန်မာနိုင်ငံ သာယာဝပြောဖို့ ပညာကို အဓိကတည်ဆောက်ကြရပါလိမ့်မည်။ ပြည်သူတို့၏ စိတ်နေစိတ်ထားမြင့်မားရန် လိုအပ်သည်။ လက်နက်စွဲကိုင်သော တော်လှန်လှုပ်ရှားမှုများကြောင့် သယံဇာတ၊ လမ်းတံတားများ ဆုံးရှုံး၊ တိုင်းပြည်အထနေးခဲ့သည်။ ပြည်သူလူထုတစ်ရပ်လုံး တစ်ဦး၊ တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတို့က မိမိတို့၏ အချို့ရန်၊ စွမ်းအား၊ နိုင်ငံ၏ သယံဇာတကြွယ်ဝမှုတို့ကို မိတ်ဆွေဖြစ်ရန် ကြိုးစားကြရပါမည်။ လက်နက်ခဲယမ်းမျှားအစား တူ၊ တံစဉ်များကိုင်၊ လယ်ထွန်စက်ကိုမောင်း၊ တောင်လိုပုံနေသောစပါးကို ခေတ်မီဆန်ကြိတ်စက်ကိုပို့၊ ဆီစက်များကို လျှပ်စစ်ဖြင့်မောင်းနှင်ရန် ဖြစ်သည်။ လူသားတစ်ဦး၏ လက်နှစ်ဖက်သည် ရေသယ်၊ ထင်းခွေအဆင့်မှ ကျွမ်းကျင်မှုရှိသော၊ စဉ်းစားနိုင်သော လက်နှစ်ဖက်ဖြစ်ရန်၊ ဦးနှောက်ခေတ် (Brain Era)သို့ရောက်ရန်ဖြစ်"**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (ဆဋ္ဌမအကြိမ်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကျင်းပ



ဟိုပုံး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာ လင်္ကာရအသင်းကြီးက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (ဆဋ္ဌမအကြိမ်) နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက် လှူဒါန်းကြပြီး စာမေးပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆရာတော်၊ သံဃာတော်များ၊ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၆၅ ပါး၊ မူလတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၈၅ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၈၄ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၈၆၉ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၇၉ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၃၄၄၀ ဝင်ရောက် ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ရပ်နီးရပ်ဝေးမှ ဒေသခံ ပြည်သူများလည်း အလှူငွေများ ဆက်ကပ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

အုတ်တွင်း နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဈေးဟိုဌာန ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကာကွယ်ဆေးထိုးစုရပ်အလိုက် လိုက်လံထိုးနှံပေးသွားမည် ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးမည့် ဝန်ထမ်းများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမည့် ကလေးများကို ကိုယ်အလေးချိန်တိုင်းတာပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

အိမ်မဲမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

အိမ်မဲ နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှု၊ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ကြိုးကြပ်မှု၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ယမန်နေ့နံနက် ၉ နာရီတွင် အိမ်မဲမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းသက်သာ ချောင်ချိရေး အရောင်းဆိုင် ဖွင့်လှစ်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥ၊ စားအုန်းဆီနှင့် ဆန်များ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြု

ပေါင် နိုဝင်ဘာ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့က ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂါရီရွှေခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံ ဗီဒီယိုမှတ်တမ်းနှင့် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တစ်နှစ်တာ လုပ်ရှားမှုဓာတ်ပုံများကို ပြသပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုကန်တော့ကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ စည်ပင်သာယာမြို့မ ဈေး၌ နိုဝင်ဘာ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြစဉ်။

သန့်ဇင်ထွန်း





အုတ်တွင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

အုတ်တွင်း နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဈေးဟိုဌာန ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကာကွယ်ဆေးထိုးစုရပ်အလိုက် လိုက်လံထိုးနှံပေးသွားမည် ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးမည့် ဝန်ထမ်းများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမည့် ကလေးများကို ကိုယ်အလေးချိန်တိုင်းတာပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ စည်ပင်သာယာမြို့မ ဈေး၌ နိုဝင်ဘာ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြစဉ်။

သန့်ဇင်ထွန်း

ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြု

ပေါင် နိုဝင်ဘာ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့က ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂါရီရွှေခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံ ဗီဒီယိုမှတ်တမ်းနှင့် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တစ်နှစ်တာ လုပ်ရှားမှုဓာတ်ပုံများကို ပြသပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုကန်တော့ကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

❁ စာမျက်နှာ ၁၀ မှ

၁၉၃၀ ပြည့်နှစ်များတွင် ဓာတုဗေဒသုတေသီများက Dupont ကုမ္ပဏီ၌ အလုပ်လုပ်ရင်း Feron-12 ကို ထုတ်လုပ်ခဲ့သည်။ ရေခဲသေတ္တာနှင့် အအေးခန်းကြီး၊ အင်ဂျင်စက်ကြီးများကို အေးအောင် ပြုလုပ်နိုင်သည့် ဂုဏ်ထူးဝိသေသရှိသည်။ ယခင်က အသုံးပြုခဲ့သည့် အန္တရာယ်ရှိ အမိုးနီးယား နိုက်ထရိုဂျင်အောက်ဆိုက်တို့နေရာ၌ CFCs နှင့် အစားထိုးနိုင်ခဲ့သည်။ CFCs ထုတ်သည့်လုပ်ငန်းသည် Delaware ပြည်နယ်မှ ရွာများအထိ ကြီးထွားခဲ့သည်။ ကျေးရွာသာသာရှိသည့် Atlanta၊ Dallas တို့သည် စည်ကားခဲ့သည်။

မြန်မာနိုင်ငံကြီး သာယာဝပြောနိုင်ဖို့...

မြန်မာနိုင်ငံ သာယာဝပြောဖို့ ပညာကို အဓိက တည်ဆောက်ကြရပါလိမ့်မည်။ ပြည်သူတို့၏ စိတ်နေစိတ်ထား မြင့်မားရန်လိုအပ်သည်။ လက်နက်ခွဲကိုင်သော တော်လှန်လှုပ်ရှားမှုများကြောင့် သယံဇာတ၊ လမ်းတံတားများဆုံးရှုံး၊ တိုင်းပြည်အထနေးခဲ့သည်။ ပြည်သူလူထုတစ်ရပ်လုံး တစ်ဦး၊ တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတို့က မိမိတို့၏ အချိန်၊ စွမ်းအား၊ နိုင်ငံ၏ သယံဇာတကြွယ်ဝမှုတို့ကို မိတ်ဆွေဖြစ်ရန် ကြိုးစားကြရပါမည်။ လက်နက်ခဲယမ်းများအစား တူ၊ တံစဉ်များကိုင်၊ လယ်ထွန်စက်ကိုမောင်း၊ တောင်လိုပုံနေသောစပါးကို ခေတ်မီဆန်ကြိတ်စက်ကိုပို့၊ ဆီစက်များကို လျှပ်စစ်ဖြင့် မောင်းနှင်ရန်ဖြစ်သည်။ လူသားတစ်ဦး၏ လက်နှစ်ဖက်သည် ရေသယ်၊ ထင်းခွေအဆင့်မှ ကျွမ်းကျင်မှုရှိသော၊ စဉ်းစားနိုင်သော လက်နှစ်ဖက်ဖြစ်ရန်၊ ဦးနှောက်ခေတ် (Brain Era)သို့ရောက်ရန်ဖြစ်သည်။

ယနေ့ခေတ်တွင် မြေနှင့်ရေ၌ အချဉ်ဓာတ်ကို တိုင်းသည့် pH (ဒီဂရီဆင့်ခွဲ) မီတာကိုလည်း ဝယ်နိုင်လာသဖြင့် လယ်သမားက ပီအိတ်ချဲ့မီတာကို ခါးကြားထိုး၊ ပီအိတ်ချဲ့တိုင်း၊ သူမြေသည် ပီအိတ်ချဲ့ ၅ ဖြစ်လျှင် အာလူးစိုက်ရမှန်းသိသည်။ ပီအိတ်ချဲ့ ၆ ဆိုလျှင် မြေပဲနှင့် ဂေါ်ဖီစိုက်ရမှန်းသိသည့်အဆင့် ရောက်လာပါသည်။ မြန်မာတို့ ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ဖို့ဆိုလျှင် စိုက်ပျိုးရေးပညာ၊ ရောဘယ်လောက်လောင်းသင့်သလဲ၊ ဓာတ်မြေဩဇာ ဘယ်လောက်ထည့်ရမလဲဆိုတာ သိနိုင်ဖို့လိုပါလိမ့်မည်။ မြန်မာ့လယ်မြေတွင် ပိုးသတ်ဆေး မလွန်မကျွံအောင် ထည့်တတ်ရပါမည်။

ပညာပါသောစိုက်ပျိုးရေးကို အခြေပြုသည့် လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသို့ လှမ်းနေရမည်။ သမားရိုးကျနည်းဖြင့်ဆိုလျှင် ဘယ်ကိစ္စမျှ မည်မည်ရရဖြစ်ထွန်းနိုင်မည်မဟုတ်။ လုပ်ရိုးလုပ်စဉ် အတိုင်း၊ မိရိုးဖလာအတိုင်း၊ လုပ်၍မရသောခေတ်ထဲရောက်နေ၍ပင်။ (Knowledge base၊ skilled base workforce.) ကျွမ်းကျင်မှုတစ်ခုက လူတိုင်း မိသားစုဝင်တိုင်း လိုအပ်နေပြီဆိုသည်မှာ အလွန်ထင်ရှားပါသည်။ မြန်မာတောင်သူလယ်သမားများက နည်းပညာဆန်းသစ်မှုဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်သောအဆင့် ရောက်အောင် ဆက်လက်ကြိုးပမ်းကြရပါမည်။

စိုက်ပျိုးရေးချေးငွေများ၊ ဓာတ်မြေဩဇာများ၊ ဖြစ်ရေတစ်စီမံကိန်းများ စသည်တို့သည် တောင်သူလယ်သမားများ ဘဝမြင့်မားရေးအတွက် သွင်းအားစုများဖြစ်သည်။ ဤသွင်းအားစုများ အားကောင်းလာသည်နှင့်အမျှ ဆန်ရေစပါး၊ ဆီထွက်သီးနှံ နှမ်း၊ ပဲပြောင်း၊ ဝါ စသည်တို့သည် ပို၍ဖြစ်ထွန်းလာမည်။ ရေးယခင်က မလိုင်ခံပါတ် ၅ ဝါသည် အလွန်ထင်ရှားခဲ့သည်။ အမေရိကန်၊ ရုရှား၊ အိန္ဒိယနှင့် အီဂျစ်နိုင်ငံတို့သည် ဝါထွက်ကောင်းသောနိုင်ငံများ အဖြစ် ထင်ရှားသည်။

ရုရှားချည့်မျှင်ရှည်ဝါတို့ဖြင့်လည်း ဖြည့်စွက်ကာ အဝတ်အထည်ထုတ်လုပ်ချုပ်လုပ်ရာတွင် အားကောင်းခဲ့သည်။ မြေ၊ ရေ၊ လေနှင့် နေစွမ်းအင် သယံဇာတတို့မှ စိုက်ပျိုးသီးနှံများဖြစ်လာကြသည်။ စက်မှုနိုင်ငံ တည်ထောင်လာနိုင်မည်။ မျိုးရိုးဗီဇ ဂျီနူးနီး (Heredity Genome) ကဲ့သို့သောနည်းပညာ၊ ဇီဝမြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်လျှင် မြန်မာ့တောင်သူလယ်သမားတို့ ရွှေသီးကြမည် ဖြစ်သည်။ မြန်မာ့လယ်သမားတို့သည် ရာသီဥတု မိုးလေမှန်လျှင် တစ်နှစ်လောက် နားနေလို့ရသည့် သူဌေးများဖြစ်သည်။ နည်းပညာနှင့် စက်မှုလယ်ယာတို့ကိုပေါင်း၊ မွေးမြူရေးပါ ထည့်လိုက်လျှင် အမေရိကန်၊ ဂျပန်နှင့်ထိုင်းလယ်သမားသူဌေးကြီးများကဲ့သို့ ဖြစ်လာပါလိမ့်မည်။ ။

ကြေးမုံ

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကောင်းမွန်စေရေးနှင့် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်စေရေးတို့အတွက် ယနေ့နံနက် ပိုင်းတွင် ဖြူးမြို့နယ် အားကစားကွင်း / အားကစားရုံများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဖြူးမြို့နယ် လွတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဥာဏ်ဇေဒီးနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အားကစားကွင်း အုတ်တံတိုင်းကာရံခြင်း၊ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်များအလိုက် ထည့်သွင်းလျာထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများ သက်သာချောင်ချိစေရေး အထောက်အကူဖြစ်စေရန်အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ဆက်လက်၍ တောင်ငူခရိုင် အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်းနှင့်အားကစားခန်းမတို့ကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် အားကစားကွင်းသို့သွားရောက်၍ အားကစားကွင်း/အားကစားရုံများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး အားကစားကွင်းအတွင်း ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဝိုလ်လုပွဲ ပွဲစဉ်တွင် သုခငပလီအသင်းနှင့် တက်နေဝန်းအသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေတာရှည်၊ တောင်ငူနှင့် ဖြူးမြို့နယ်တို့မှ လွတ်တော်ကိုယ်စားလှယ်များ၊ ရေတာရှည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများနှင့် အားကစား ဆပ်ကော်မတီဝင်တို့နှင့် တွေ့ဆုံ၍ မြို့နယ်အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရေး၊ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုများနှင့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန်အတွက် အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသာယာလှပပြီး ပြည်သူများ အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ Mass Sports မှ Excellent Sports အဆင့်ထိ ရောက်ရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားကာ ကျောင်းသား ကျောင်းသူများ အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရန်အတွက် ရေတာရှည်မြို့နယ် ပညာရေးမှူး ဒေါ်ရွှေဝါဇင်ထံသို့ အားကစားပစ္စည်းများကိုလည်းကောင်း၊ မြို့မိ မြို့ဖများထံသို့ ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိစေရေး အထောက်အကူဖြစ်စေရန် ရေတာရှည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှဝန်ထမ်းများအတွက်ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ချောင်းဆုံမြို့နယ်၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ချောင်းဆုံ နိုဝင်ဘာ ၁၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေါင်းရပ်အရှေ့ကျေးရွာ၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သောက်သုံးရေများအား စနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်သောက်သုံးရေများအား စနစ်တကျသုံးစွဲရေး အသိပညာလုပ်ငန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့် အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ဒေါင်းရပ်အရှေ့ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကိုအလေအလွင့်မရှိ စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကိုလိုအပ်သလောက်သာသုံးစွဲရန် ဆွေးနွေးပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သုတ

တောင်ကြီးဂေါက်ကလပ်(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဖွင့်ပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၀

တောင်ကြီးဂေါက်ကလပ် (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ တောင်ကြီးဂေါက်ကလပ်၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ကမ္ဘောဇောဏ်နှင့်ကမ္ဘောဇအုပ်စု တည်ထောင်သူ နာယကနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကမ္ဘည်းမော်ကွန်းတိုင်နှင့် မှတ်တမ်းတင် ဂုဏ်ပြုကျေးဇူးတင်လွှာ ကျောက်စာတိုင်တို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ အမွေးနုံသာရည် ပက်ဖျန်းပေးကြသည်။



ဖွင့်လှစ်

ဆက်လက်၍ တောင်ကြီးဂေါက်ကလပ် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက SMOKE BALL ရိုက် ဖွင့်လှစ်ပေးကြပြီး စိန်ရတု အထိမ်းအမှတ်အဖြစ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုံကော်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး



ကြို့ပင်ကောက် နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းများကို ယမန်နေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် တာဝန်ရှိသူများက စက်သုံးဆီဆိုင်များတွင် မီးဘေးလုံခြုံရေး စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ထားမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ အလွယ်တကူ အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားမှု ရှိ/မရှိနှင့် မီးသတ်ရေလောင်းကန်များတွင် ရေဖြည့်တင်းထားမှု အခြေအနေများကို စစ်ဆေးသည်။ ဆက်လက်၍ မီးလောင်မှုဖြစ်ပွားပါက ချက်ချင်းတုံ့ပြန် မီးငြိမ်းသတ်နိုင်ရေးအတွက် အပေါ့စားမီးသတ်စက်ဖြင့် လက်တွေ့အသုံးပြု မီးငြိမ်းသတ်နည်းများကို ဆိုင်ဝန်ထမ်းများနှင့်အတူ လက်တွေ့ စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)



ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာနသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ အမျိုးသားဘောလုံးပြိုင်ပွဲ၏ အုပ်စုပတ်လည်ပွဲစဉ်များကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မြို့နယ်အားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတို့၌ ယမန်နေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ယှဉ်ပြိုင်ကစားကြရာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်အားကစားကွင်းတွင် (က)အုပ်စု သဃ်နိုးကျွန်း EDC အသင်းနှင့် ကျောက်ဖြူ EDC အသင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် (ခ)အုပ်စု ဘားအံ EDC အသင်းနှင့် ပုသိမ် EDC အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်းနှင့် ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ အသင်း ၁၀ သင်းက အုပ်စု(က)၊အုပ်စု(ခ)၊ အုပ်(ဂ) အုပ်စု(ဃ) များ ခွဲကာ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ဒဂုံတောင်(ပြန်/ဆက်)

ကမ္ဘောဒီးယားနိုင်ငံ၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

ဖနောင်ပင် နိုဝင်ဘာ ၁၀

ကမ္ဘောဒီးယားနိုင်ငံ၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြို့တော်ဖနောင်ပင်ရှိ လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်၌ ကျင်းပသည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဘုရင် နိုရိုဒွန်သီဟာမိုနီက ဦးဆောင်ကျင်းပပေးခဲ့သည်။ အဆိုပါ အခမ်းအနားသို့ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်တက်ချို ဟွန်ဆန်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ခွန်ဆုဒါရိန်နှင့် ဝန်ကြီးချုပ် ဟွန်မာနတ်တို့အပြင် ပြည်ပသံတမန်များနှင့် နိုင်ငံသားများလည်း တက်ရောက်ခဲ့သည်။

တစ်နာရီကြာမြင့်သည့် အဆိုပါအခမ်းအနားအတွင်း ဘုရင်သီဟာမိုနီသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုယ်စားပြုသည့်အနေဖြင့် အထိမ်းအမှတ်အဆောက်အအုံ အတွင်း ပန်းခွေချကာ အခမ်းအနားဆိုင်ရာ "အောင်ပွဲမီးတိုင်" ကို ထွန်းညှိခဲ့သည်။

ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုကို ကိုယ်စားပြုသည့် ခိုများနှင့် မီးပုံးပျံများကို လွှတ်တင်ခြင်းဖြင့် အဆိုပါအထိမ်းအမှတ် အခမ်းအနား ပြီးဆုံးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၁၈၆၃ ခုနှစ်တွင် စတင်ခဲ့သော ပြင်သစ်ကိုလိုနီအုပ်ချုပ်မှု နှစ် ၉၀ ကြာကာလကို အဆုံးသတ်စေလျက် ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံ၏ လွတ်လပ်ရေးကို တရားဝင်ရရှိခဲ့သည်။ ဆင်ဟွာ





တူကီယဲနိုင်ငံအနောက်ပိုင်း အက်မီရာပြည်နယ်ရှိ သံနှင့်သံမဏိစက်ရုံတွင် ပေါက်ကွဲမှုဖြစ်

အစ္စတန်ဘူလ် နိုဝင်ဘာ ၁၀

တူကီယဲနိုင်ငံ အနောက်ပိုင်း အက်မီရာပြည်နယ်ရှိ သံနှင့်သံမဏိစက်ရုံတွင် နိုဝင်ဘာ ၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် အက်လိုင်ဂါခရိုင်ရှိ ဟာဗတ် သံနှင့်သံမဏိစက်ရုံတွင် နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက ဖြစ်ပွားခြင်းဖြစ်ကြောင်း အက်မီပြည်နယ် အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်ရုံအတွင်း အရည်ကျိုထားသည့် သံမဏိများကို ပုံလောင်းနေစဉ် အပေါ်မျက်နှာကြက်တွင် တပ်ဆင်ထားသော ကရိန်းပြတ်ကျပြီး လျှပ်စစ်သံရည်ကျိမီးဖိုထဲသို့ ပြုတ်ကျရာမှတစ်ဆင့် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပဏာမတွေ့ရှိချက်များအရ တူကီယဲနိုင်ငံသားသုံးဦးသေဆုံးကြောင်းနှင့် ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း အက်မီရာပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ဆင်ဟွာ

အစ္စရေးအတိုက်အခံခေါင်းဆောင် အိုင်ဆန်ကော့တ်အား အစိုးရဖွဲ့စည်းရန် သမ္မတက တရားဝင်ညွှန်ကြား

ဂျေရုဆလင် နိုဝင်ဘာ ၁၀

အစ္စရေးနိုင်ငံတွင် အောက်တိုဘာလအတွင်းကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ် ဘင်ဂျမန်နေတန်ယာဟု ဦးဆောင်သည့် လက်ယာပါဒီညွှန့်ပေါင်းပါတီသည် ပါလီမန်၌ ကိုယ်စားလှယ်နေရာ အများအပြားရှုံးနိမ့်ခဲ့ပြီးနောက် အတိုက်အခံခေါင်းဆောင် ဂါဒီအိုင်ဆန်ကော့တ်အား အစိုးရတစ်ရပ်ဖွဲ့စည်းရန် သမ္မတ အိုင်ဆက်ဟာဇော့ဂ်က တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ အိုင်ဆန်ကော့တ်သည် တပ်မတော်အရာရှိဟောင်းတစ်ဦး ဖြစ်သည်။

အလယ်အလတ် ဝါဒီယာရှာပါတီ၏ ခေါင်းဆောင်ဖြစ်သူ ၎င်းသည် အမတ်နေရာ ၁၂၀ ရှိသော လွှတ်တော်အတွင်း လွှတ်တော်အမတ် ၆၇ ဦး၏ ထောက်ခံမှုကို ရရှိခဲ့ပြီး နေတန်ယာဟုမှာမူ ၄၆ ဦး၏ ထောက်ခံမှုကိုသာ ရရှိခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ရေရှည်တည်တံ့မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရန်နှင့် စည်းလုံးညီညွတ်မှုရှိရန် သမ္မတအိုင်ဆက်ဟာဇော့ဂ်က တိုက်တွန်းခဲ့သည်။ အစ္စရေးနိုင်ငံသည် အရေးကြီးသည့် အလှည့်အပြောင်းနှင့် ရင်ဆိုင်နေရပြီး လက်နက်ကိုင်ပဋိပက္ခများ ချေမှုန်းရေးဆိုင်ရာ ရည်မှန်းချက်များမှာလည်း အောင်မြင်ခြင်းမရှိသေးသည့်အပြင် နိုင်ငံတကာ ဆက်ဆံရေးမှာလည်း အလွန်ဆိုးရွားသည့် အကျပ်အတည်းတွင် ရောက်ရှိနေကာ နိုင်ငံ၏ ဒီမိုကရေစီစနစ်သည် အကြီးမားဆုံး စိန်ခေါ်မှုများအနက် တစ်ခုနှင့် ရင်ဆိုင်နေရကြောင်း အိုင်ဆန်ကော့တ်က သတိပေးပြောကြားသည်။ မိမိတို့ အနေဖြင့် လက်ရှိလမ်းကြောင်းအတိုင်း သာ ဆက်လက်ဆောင်ရွက်ပါက နောက်ပြန်လှည့်၍ မရသည့်အခြေအနေနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ယုံကြည်စိတ်ချနိုင်မည့် ခေါင်းဆောင်မှုအသစ်တစ်ခု လိုအပ်ကြောင်း၎င်းက သတိပေးပြောကြားသည်။

အစ္စရေးပါလီမန်တွင် အမတ်နေရာ အများစုဖြင့် အစိုးရသစ်တစ်ရပ်အား ဖွဲ့စည်းနိုင်မည်ဟု မိမိယုံကြည်ကြောင်းနှင့် ဝန်ကြီးချုပ် ဘင်ဂျမန်နေတန်ယာဟု ဦးဆောင်သည့် လီကွတ်ပါတီနှင့် လက်ယာစွန်း ဂါဒီဘဏ္ဍာရေးဝန်ကြီး ဘီဇာလယ်လ်စမော့ထရစ်ချ်၏ ဇီယွန်ဝါဒီပါတီတို့အနေဖြင့် မိမိ၏အစိုးရအဖွဲ့တွင် ပူးပေါင်းပါဝင်မည်ဆိုပါက ကြိုဆိုမည်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။ မိမိ၏ဦးဆောင်မှုကိုသော်လည်းကောင်း၊ မိမိချမှတ်ထားသည့် မူဝါဒကိုသော်လည်းကောင်း ထောက်ခံရန် ၎င်းတို့အားဖိတ်ခေါ်ကြောင်း ဂါဒီအိုင်ဆန်ကော့တ်က ပြောကြားသည်။ မိမိအား ထောက်ခံမဲပေးသူများနှင့် မထောက်ခံသူများအတွက်ပါ ရည်ရွယ်၍ နိုင်ငံသားအားလုံးအတွက် ဝန်ကြီးချုပ် ရာထူးတာဝန်ကို ထမ်းဆောင်မည်ဟု ၎င်းက ပြောကြားခဲ့သည်။ အိုင်ဆန်ကော့တ် အနေဖြင့် အစိုးရတစ်ရပ် ဖွဲ့စည်းရန် ၂၈ ရက် အချိန်ရရှိထားပြီး လိုအပ်ပါက နောက်ထပ် ၁၄ ရက် ထပ်မံတိုးမြှင့်ခွင့် လည်းရှိသည်။ အစိုးရသစ်တစ်ရပ် ကျမ်းသစ္စာကျိန်ဆို တာဝန်မယူမီအချိန် အထိ လက်ရှိဝန်ကြီးချုပ် နေတန်ယာဟုက ယာယီဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူမည်ဖြစ်သည်။ ဆင်ဟွာ

ဘူဂေးရီးယား၌ ယာဉ် ၈၆ စီး ဆင့်ကဲတိုက်မိမှုဖြစ်၊ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၄၈ ဦး ဒဏ်ရာရရှိ

ဆိုဖီယာ နိုဝင်ဘာ ၁၀

ဘူဂေးရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ ထရာကီယာအဝေးပြေးလမ်းမကြီး ပေါ်တွင် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ယာဉ်အများအပြား ဆင့်ကဲတိုက်မိသည့် ယာဉ်တိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ရာ ၁၁ ဦး ထက်မနည်း သေဆုံးပြီး ၄၈ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ သေဆုံးသူ ၁၁ ဦးနှင့် ဒဏ်ရာရရှိသူ ၄၈ ဦးရှိကြောင်း ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ရူမင်ရာဒက် က ပြောကြားသည်။

အဝင်းဖြစ်ပွားရာနေရာတွင် ၁၀ ဦး သေဆုံးပြီး အခြားတစ်ဦးမှာ ဆေးရုံတွင် သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ခုတိယဝန်ကြီး ကာလိုယန်ကာလိုယာနေ့ဗ်က ပြောကြားသည်။

အဆိုပါ မတော်တဆမှုများအနက် ပထမဖြစ်စဉ်သည် ဘာဂက်မြို့ဘက်သို့ ဦးတည်သည့်လမ်းကြောင်းတွင် ဖြစ်ပွားခဲ့ပြီး ခုတိယဖြစ်စဉ်မှာ ဆိုဖီယာမြို့ဘက် သို့ဦးတည်သည့်လမ်းကြောင်းတွင် ဖြစ်ပွားခဲ့ကြောင်းနှင့် ၎င်းဖြစ်စဉ်တွင် ယာဉ် ၂၃ စီး ဆင့်ကဲတိုက်မိကြောင်း ကာလိုယန်ကာ



လိုယာနေ့ဗ်က ပြောကြားသည်။

ပထမဖြစ်စဉ်တွင် ထရပ်ကားတစ်စီးက ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို ဖြတ်တိုက်ခဲ့ပြီးနောက် ဂျုံတင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီးက ၎င်းဘတ်စ်ကားကို ဝင်တိုက်မိပြီး ခရီးသည်တင်ယာဉ်တစ်စီးက ထရပ်ကား၏ အနောက်ဘက်ကို ဝင်တိုက်မိခဲ့ရာမှ ယာဉ်စုစုပေါင်း ၆၃ စီး ဆင့်ကဲတိုက်မိခဲ့ကြောင်း ဘူလ်ဂေးရီးယား ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တအတွင်းဝန်ချုပ် လျူဘိုမီယာနီကိုလော့ဗ်က ပြောကြားသည်။

သေဆုံးသူများမှာ ဘာဂက်မြို့သို့ ဦးတည်သည့် လမ်းကြောင်းဘက်ခြမ်းတွင် သွားလာနေသူများဖြစ်သည်။

ရုတ်တရက် မြုန်းများထူထပ်စွာ ကျဆင်းမှုကြောင့် မြင်နိုင်စွမ်းနည်းကာ အဆိုပါ မတော်တဆမှုဖြစ်ပွားခြင်း ဖြစ်သည်။ အဆိုပါဖြစ်စဉ်အား ဆိုဖီယာ မြို့ဘက်သို့ ဦးတည်သည့်လမ်းကြောင်းမှ ယာဉ်မောင်းများက ကြည့်ရှုခဲ့ရာမှ စိတ်အာရုံပျံ့လွင့်ပြီး ခုတိယဖြစ်စဉ်ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

ယူဂန္ဒာနှင့် ရုဝမ်ဒါနိုင်ငံပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် ကျန်းမာရေးစောင့်ရှောက်မှု ပူးတွဲလေ့ကျင့်

ကန်ပါလာ နိုဝင်ဘာ ၁၀

အာဖရိကဒေသတွင်းနိုင်ငံများဖြစ်သည့် ယူဂန္ဒာနှင့် ရုဝမ်ဒါနိုင်ငံတို့သည် နယ်စပ်ဖြတ်ကျော်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပူးတွဲလေ့ကျင့်ခန်းတစ်ရပ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကူတူနာ၊ ဂါတူနာ နယ်စပ်ဂိတ်တွင် သုံးရက်ကြာဆောင်ရွက်မည့် အဆိုပါကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လေ့ကျင့်ခန်းတွင် နှစ်နိုင်ငံတာဝန်ရှိသူများအနေဖြင့် ပြည်သူကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကျန်းမာရေးသရုပ်ပြပူးပေါင်းဆောင်ရွက်မှုများကို လေ့ကျင့်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါလေ့ကျင့်ခန်းတွင် ကျန်းမာရေးလုပ်သားများနှင့် နယ်စပ်အေဂျင်စီများမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံသားများအနေဖြင့်လည်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့ကျင့်ခန်းသည် နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ခိုင်မာစေရေး၊ နယ်စပ်ဖြတ်ကျော်ခရီးသွားလာရေးနှင့် ကုန်သွယ်ရေး၌ခိုင်မာစေရေး တို့အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ယူဂန္ဒာနှင့် ရုဝမ်ဒါနိုင်ငံတို့အကြား ခရီးသည်များနှင့် ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာမှု အများအပြားရှိနေသည့်အတွက် ဖြစ်ပွားလာနိုင်သည့် ရောဂါကူးစက်ပျံ့နှံ့မှုများနှင့် အခြားသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများအကြား ညှိနှိုင်းဆောင်ရွက်မှုမှာ အရေးကြီးကြောင်း သိရသည်။

အိမ်နီးချင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်မှု မြင့်တက်နေချိန်တွင် အဆိုပါလေ့ကျင့်ခန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။ ဆင်ဟွာ

❍ ကျောဖုံးမှ

မိုးကုတ်မြို့ရှိ ပတ္တမြားမြေအားကစားခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစား သေနတ် ငါးလက်၊ Type 81 အမျိုးအစား သေနတ် ၆၆ လက်၊ AK-47 အမျိုးအစား သေနတ် သုံးလက်၊ M-22 အမျိုးအစား သေနတ် လေးလက်၊ ပစ္စတိုသုံးလက်၊ လက်လုပ်သေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၈၄ ခုနှင့် ကျည်မျိုးစုံ ၁၄၇ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အား မောင်းပြန်ရိုင်ဖယ် ၇၈ လက် အတွက် ဆုကြေးငွေကျပ် သိန်း ၃၇၀၀၊ ပစ္စတို သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၁၁၆ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ပိုင်းတို့ဖြင့် တည်ခင်းဧည့်ခံသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးစဉ်။





မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအတွက် ဆုကြေးငွေ ပေးအပ်စဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ လွှဲပြောင်းအပ်နှံသည့် လက်နက်၊ ခဲယမ်းများအား လက်ခံရယူစဉ်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ လွှဲပြောင်းအပ်နှံသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

အဆုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အမွေမူကျွေးလွန်ခြင်း။ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ် အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အမျိုးသား ၁

အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ပြန်လာရတဲ့ ရည်ရွယ်ချက်ကတော့ စကတည်းက ကျွန်တော်တို့က နိုင်ငံရေးလည်းနားမလည်ဘူး။ တော်လှန်ရေးလည်းနားမလည်ဘူး။ ဖိအားတစ်မျိုးကြောင့် ဒီလို လုပ်ခဲ့တယ်။ အခက်အခဲအမျိုးမျိုးနဲ့ အဆင်မပြေတဲ့အခါကျတော့ ကျွန်တော်တို့လုပ်နေကျ နားလည်တဲ့အလုပ်မျိုး မဟုတ်တဲ့အခါကျတော့ နည်းလမ်းရှာပြီးတော့မှ မြို့မိမြို့ဖ လူကြီးတွေကတစ်ဆင့် နိုင်ငံတော်ကို ဆက်သွယ်ပြီး အလင်းဝင်လာခဲ့တယ်။ ကျွန်တော် တို့ရဲ့ ဗီဇ၊ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းမှု ကျွန်တော်တို့ဖြစ်ချင်တဲ့ဟာမျိုး မဟုတ်တဲ့အခါကျတော့ အခုလုပ်ရပ်ကနေ ရုန်းထွက်ခဲ့တယ်။ နောက်တစ်ချက် ကတော့ ကျွန်တော်တို့ချစ်တဲ့ မိုးကုတ်၊ မိုးမိတ်ကို နောက်တစ်ခါ ဒီလိုမျိုး တိုက်ပွဲတွေ မဖြစ်အောင် တပ်မတော်နဲ့ ကာကွယ်မယ်။ မိုးကုတ်၊ မိုးမိတ်မှာ လီဆူးတွေ မှာ တပည့်သားသမီးတွေ အများကြီးရှိတယ်။ ကျွန်တော့်မှာ ဖိအားတွေ အလွန်များခဲ့တယ်။ နိုင်ငံတော်ကို ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ ကျောက်မဲကို စရောက်တဲ့ အချိန်ကတည်းက ကျွန်တော်တို့ကို ဗိုလ်ချုပ်ကိုယ်တိုင် လာပြီးတော့မှ ကောင်းကောင်း မွန်မွန်ကြိုဆိုတယ်၊ကောင်းကောင်း မွန်မွန်ဧည့်ခံတယ်။ ကျွန်တော်တို့ အလွန်ပျော်ရွှင်ရတယ်။ ကျွန်တော်တို့ကို ကျောက်မဲကနေပြီးတော့ ပြင်ဦးလွင်၊ မန္တလေး၊ သပိတ်ကျင်း၊ မိုးကုတ်တို့ကို ညတွင်းချင်း ပို့ပေးတယ်။ ကျွန်တော်တို့ အစစအရာရာ ဘာမှလုပ်စရာမရှိဘူး။ ဒီအတွက် နိုင်ငံတော်အစိုးရကို လည်း ကျေးဇူးတင်ပါတယ်။ အခုကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့မိတ်ဆွေတွေ အခြေမှန်ရပြီး ကိုယ့်မိသားစုအတွက်၊ ကိုယ့်ရဲ့မြို့ရွာအတွက်၊ ကိုယ့်ရဲ့လူမျိုးအတွက် တောထဲမှာ ပဲမနေဘဲနဲ့ ပြန်လာဖို့ အလင်းလာဝင်ပြီး ခုနကပြောသလို ကိုယ့်မြို့ရွာ အေးချမ်းသာယာလာဖို့ အတူတူပူးတွဲဆောင်ရွက်ဖို့ ပြန်လာကြပါလို့ ကျွန်တော့် အနေနဲ့ မေတ္တာစကားပါးချင်ပါတယ်။

အမျိုးသား ၂

ကျွန်တော်တို့ ဒီအဖွဲ့အစည်းထဲကိုရောက်လာတဲ့အကြောင်းအရင်းက တပ်မတော်ကနေ ဆုတ်သွားတဲ့အချိန် TNLA တွေဝင်လာတယ်။ သူတို့အုပ်ချုပ်တဲ့ အချိန်မှာ တစ်အိမ်တစ်ယောက် မဝင်မရစနစ်နဲ့လာခဲ့တယ်။ ကျွန်တော်တို့ မဝင်လို့ရှိရင်လည်း အိမ်ကမိသားစုတွေက ပိုပြီးတော့ ခက်ခဲတာပေါ့။ ကျွန်တော်တို့က မဝင်မဖြစ်ဝင်ခဲ့ရတယ်။ အဖွဲ့အစည်းထဲကို ဝင်ခဲ့တဲ့ အချိန်မှာ အခက်အခဲတွေကတော့





များပါတယ်။ ရှေ့တန်းတိုက်ပွဲအတွေ့အကြုံတော့ မရှိပါဘူး။ ကျွန်တော်တို့က မြို့တွင်းအုပ်ချုပ်ရေးပိုင်းမှာ မြို့တွင်းကင်းတာဝန်အနေနဲ့ ဆောင်ရွက်ရတာပါ။ အလင်းဝင်ရတဲ့ အကြောင်းအရင်းကတော့ တောထဲမှာပဲနေပြီး ကျွန်တော်တို့ရဲ့ အနာဂတ်က ပျောက်ဆုံးနေတယ်။ ပြီးတော့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ သဘောထားကို သိရှိနားလည်ပြီးမှ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျွန်ခဲ့တဲ့သူတွေကိုလည်း ဖြစ်နိုင်ရင် အမြန်ဆုံးလာခဲ့ပါ အစစအရာရာ အဆင်ပြေတယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

စာမျက်နှာ ၁၅ သို့ ❍

ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလိန်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်း များကို စနစ်တကျဆောင်ရွက် လျက်ရှိသည်။





ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၇၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုတွင် ယနေ့အထိ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလိန်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချမည့် အဆောက်အအုံ ၄ လုံး နှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်းအဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀

❍ စာမျက်နှာ ၁၄ မှ

အမျိုးသမီး ၃

သူတို့ တစ်အိမ်တစ်ယောက် ခေါ်တော့ လိုက်သွားခဲ့ရတယ်။ သူတို့က ကိုယ့်မြို့မှာပဲနေရမယ် လို့ပြောပြီး နောက်တော့ တောထဲကိုခေါ်သွားခဲ့လို့တောထဲမှာပဲနေခဲ့ရတယ်။ တောထဲရောက်တော့ ကျွန်မကို စစ်မေးဆိုပြီး မွေးမြူရေးလုပ်ခိုင်းတယ်။ ပြီးရင် နေ့တိုင်း ဖက်ထိပ်လုပ်ရတယ်။ အခက်အခဲကတော့ စားရေးသောက်ရေးအခက်အခဲရှိတယ်။ သင်တန်းက သုံးလသင်တန်းမှာကျတော့လည်း အခက်အခဲကြုံတာက စားရေးသောက်ရေးပါပဲ။ ကျွန်မတို့က သူတို့ လူမျိုးမဟုတ်ဘူးလေ။ တခြား လီဆူလူမျိုးဆိုတော့ အလုပ်တွေဘာတွေဆိုရင် ကိုယ့်ကို ပိုခိုင်းတယ်။ ရာထူးတွေဘာတွေ ပေးမယ်ဆိုရင်တော့ သူတို့ အချင်းချင်းပဲ ပေးတာမျိုးတွေလည်းရှိတယ်။ တော်တော်လေး တော့ပင်ပန်းခဲ့တယ်။ မိန်းကလေးဆိုတော့ နောက်တန်းမှာပဲထားတယ်။ ရှေ့တန်းမသွားရဘူး။ အမျိုးသားတွေကျတော့ ရှေ့တန်းသွားရတယ်။ အလင်းလာဝင်ရတဲ့ အကြောင်းကတော့ နိုင်ငံတော်ရဲ့ သဘောထားအမှန်ကို သိရှိတဲ့အတွက် ကျွန်မတို့အလင်းဝင်ရခြင်းဖြစ်တယ်။ နိုင်ငံတော်ကလည်း ကျွန်မတို့အလင်းဝင်ဖို့အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပေးတဲ့အတွက်လည်း ကျွန်မတို့အနေဖြင့် အလွန်အင်မတန် ဝမ်းသာပီတိတွေ ဖြစ်မိပါတယ်။ အများကြီးလည်း ဂုဏ်ယူပါတယ်။ ကျွန်မတို့ကို ပြန်လက်ခံပေးတဲ့အတွက်၊ ကြိုဆိုပေးတာ အစစအရာရာ အကုန်လုံးလုပ်ပေးတယ်။ ကားကအစ လိုလေသေးမရှိအောင် ဒီဘက်ထိရောက်အောင် ပံ့ပိုးပေးခဲ့တယ်။ အဲဒီအတွက်လည်း နိုင်ငံတော်ကို အလွန်ကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့ သူတွေလည်း တပ်မတော်ရဲ့ စေတနာနဲ့ သဘောထားကို သိပြီဆိုလို့ရှိရင် ကျွန်မတို့လိုပဲ ဒီကိုလာမယ်လို့ မျှော်လင့်ပါတယ်။ တပ်မတော်နဲ့ ပူးပေါင်းခွင့်ရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကိုယ့်လူမျိုးနဲ့ တပ်မတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။

သတင်းစဉ်

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံ သံရုံးမှ First Secretary Mr. Dang Quang Sanh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းမှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယဥက္ကဋ္ဌနိုင်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံးမှ First Secretary Mr. Dang Quang Sanh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက် အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၃၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၈၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိတပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “ DAW MAY ZIN ” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဇော်ဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက်နေ မေဇင်လွင်အား ညနေ ၆ နာရီတွင် ပုသိမ်မြို့မရဲစခန်း(ပ)၁၆၃/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

စစ်တွေမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

စစ်တွေ နိုဝင်ဘာ ၁၀

စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား တွေ့ဆုံ၍ အခြေခံ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ရွှေစေတီဘုန်းတော်ကြီးကျောင်းခမ္မာရုံ၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့် တွေ့ဆုံ၍ မိမိတို့အစိုးရအဖွဲ့ အနေဖြင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ အေးချမ်းစွာ နေထိုင်စားသောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ဆန်နှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများကို လစဉ်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေးတို့ကိုလည်း စိမ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ယာယီနေရပ်စွန့်ခွာပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများက လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အခြေခံစားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရွာကြီးမြောက်ရပ်ကွက် ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်းနှင့် ညောတီရပ်ကွက်ရှိ ဓမ္မာရာမဘုန်းတော်ကြီးကျောင်းတို့သို့ သွားရောက်၍ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် လူနေဆောင်များ၊ ထမင်းချက်ဆောင်များနှင့် သန့်စင်ခန်းများ ဆောက်လုပ်ပြီးစီးနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

အောင်လံမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုပညာပေးဟောပြော

အောင်လံ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုပညာပေးဟောပြောပွဲကို ယမန်နေ့က စံပြကျေးရွာခမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အုပ်ပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ထင်းအစားအခြားလောင်စာတိုးမြှင့်အသုံးပြုရန် လူထုအသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲတက်ရောက်သည့် အိမ်ထောင်စုပေါင်း ၁၁၀ အတွက် စွမ်းအားမြှင့် အေဝမ်းမီးဖို အလုံး ၁၁၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



သာကေတမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၀

ပြည်တွင်းအခွန်များဦးစီးဌာန သာကေတမြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှုးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှုးက အခွန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဖျာပုံမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဖျာပုံ နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၆ ရက်က ဖျာပုံမြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကမ္မမြစေတီတော်ကြီးရင်ပြင်နှင့် ဖျာပုံမြစ်ကမ်းဘေးဒဲ့ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် ရှေးဟောင်းသမိုင်းဝင်ကျိုက္ကမ္မမြစေတီတော်ကြီး ရင်ပြင်တွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြပြီး ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဝန်ထမ်းများက ရွှေရတုရိပ်သာရှေ့ ဖျာပုံမြစ်အတွင်းသို့ ငါးခုံးမအကောင်ရေ ၃၀၀၀ ကျော်အား ဇီဝိတဒါန အဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	တာချိုလိတ်	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၀၅	၄၆၃၅	၄၉၈၀	၅၀၀၀	၄၆၈၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၈၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၈၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၈၀	၄၈၁၀	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၅၅
HSD (500 ppm)	၄၅၅၀	၄၇၀၅	၄၆၈၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၀၅	၄၆၉၀		၅၀၂၀	၄၆၈၅	၅၂၅၀	၄၇၀၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၄၅၂၀	၄၆၈၅	၄၆၈၂	၄၅၃၅	၄၆၈၀	၄၆၈၅	၄၇၀၅	၄၆၈၅	၄၉၃၅	၅၀၀၅	၄၆၈၂	၄၈၀၀	၄၇၀၅	၄၆၈၅	၄၆၈၅	၄၉၃၅
HSD (10 ppm)	၄၅၂၀	၄၆၈၅	၄၆၈၂	၄၅၃၅	၄၆၈၀	၄၆၈၅	၄၇၀၅	၄၆၈၅		၅၀၀၅	၄၆၈၂	၄၈၀၀	၄၇၀၅	၄၆၈၅	၄၆၈၅	၄၉၃၅

ကျပ်/လီတာ

Fuel (ဝေါကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၃၂၄
95 Ron	၄၃၂၇	၄၃၄၀
HSD (500 ppm)	၄၃၀၆	၄၃၆၂
HSD (50 ppm)	၅၂၆၅	၅၃၀၀
HSD (10 ppm)	၅၂၆၅	၅၃၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပဲတီစိမ်းစိုက်တောင်သူများအား သွင်းအားစုပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်ခြင်းနှင့် စပါး၊ ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကတိုးပေါ်အလယ်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ဗျူဟာမှူးနှင့် သုံးခွမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌတို့က သွင်းအားစုမြေဩဇာများကို တောင်သူများထံ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် အဆောက်အအုံများ ပြုပြင်နေမှုနှင့် ယာယီဆေးရုံအတွက် ပြုပြင်ပြင်ဆင်နေမှု ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုစစ်ဆေး

ဖလမ်း နိုဝင်ဘာ ၁၀

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ဝင်းအတွင်းရှိ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ ၅၀ ရာခိုင်နှုန်း ပြုပြင်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ အချိန်မီ ပြီးစီးအပ်နှံနိုင်ရေး ဆောင်ရွက်ရန်၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သက်ဆိုင်ရာဌာနမှ စနစ်တကျ လွှဲပြောင်း လက်ခံရယူပြီး ဝန်ထမ်းများနေရာ ချထားနိုင်ရေးစီမံဆောင်ရွက်ရန် မှာကြားသည်။



ထိုမှတစ်ဆင့် ယာယီပြည်သူ့ဆေးရုံ ဖွင့်လှစ်ရန် ပြုပြင်နေသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ချမ်းငြိမ်းမောင်က ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာတွင် ခွဲစိတ်ကုသဌာန၊ အရိုးကုသဌာန၊ သားဖွားမီးယပ်ကုသဌာန၊ သားဖွားခန်းနှင့် ဓာတ်မှန်ဌာနအတွက် အဆောက်အအုံ ပြုပြင်နေမှုများကိုလည်း ကောင်း၊ ရှစ်ခန်းတွဲ နှစ်ထပ်ဆောင်တွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် ဆေးဝါး ဆေးပစ္စည်း သိုလှောင်ခန်းအတွက် ပြုပြင်နေမှု အခြေအနေကို လည်းကောင်း၊ လေးခန်းတွဲ နှစ်ထပ်ဆောင်တွင် ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ရုံးခန်း၊ ဗျာနာကုသဆောင်၊ ကလေးရောဂါကုသဌာနနှင့် ဓာတ်ခွဲခန်း အတွက် ပြင်ဆင်ပြုပြင်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းအဆောက်အအုံများသည် ပြုပြင်ပြီးစီးမှု ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် လာမည့်နှစ်ဆန်းတွင် ယာယီဆေးရုံဖွင့်လှစ်နိုင်ရန် စီမံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ သူနာပြုသိပ္ပံသင်တန်းကျောင်းဝင်းအတွင်းရှိ သူနာပြုစာသင်ဆောင် (၂) နှစ်ထပ် ဆောင် ၈၅ ရာခိုင်နှုန်း ပြုပြင်ပြီးစီးမှုအခြေအနေနှင့် သင်တန်းခန်းမပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျောင်းအုပ်ကြီးရုံးခန်း ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်း ဆောင်ရွက်မှုနှင့် သင်တန်းသူအိပ်ဆောင် ပြုပြင်မှု အခြေအနေများကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် သူနာပြုသိပ္ပံဘွဲ့နှင်းသဘင် ခန်းမပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီ တာဝန်ခံက လုပ်ငန်း ၅၅ ရာခိုင်နှုန်း ပြုပြင်ပြီးစီးမှု အခြေအနေအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ပစ္စည်းအရည်အသွေး၊ အဆောက်အအုံ အရည်အသွေး ကောင်းမွန်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ စာချုပ်ပါ စည်းမျဉ်းစည်းကမ်း အတိုင်း လုပ်ငန်းအချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ယင်းနောက် ရာနှုန်းပြည့်ပြုပြင် ပြီးစီးသည့် ဆရာဝန်နေအိမ်၊ ဆေးရုံအုပ်နေအိမ်နှင့် အထူးကု ဆရာဝန်နေအိမ်များအား ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနေထိုင် နိုင်ရေး စီမံဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့ စည်ပင်သာယာဈေးသို့သွားရောက်၍ ဈေးရောင်းချနေမှု၊ ဈေးအတွင်း အပြင်နှင့်အသားခုံများ သန့်ရှင်း ရေးဆောင်ရွက်ထားရှိမှု၊ စည်ပင် သာယာဈေးအတွင်း၌ အသားငါး နှင့် ဒေသထွက်ဟင်းသီးဟင်းရွက် များ ရောင်းချနေမှုနှင့် ဈေးအပြင် ဘက် စည်ပင်သာယာဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုများကို ကြည့်ရှုကာ ဒေသခံဈေးသူဈေးသား များနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

"လှုပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၇ ခုနှစ်၊ (၇၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှုပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၂၆ ခုနှစ် သြဂုတ် ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ ပြိုင်ပွဲဝင် ၁၈၀ က ဓာတ်ပုံပေါင်း ၄၉၀ ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၉ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစီစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးအောင်မြင့်၊ ဒုတိယဆု ဦးအောင်မင်း(ခ) ဦးစောအောင်မင်း၊ တတိယဆု ဟိန်းလတ်ကျော်(ခ) ပုံပွဲတို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ကျော်နိုင်လင်း(လရိပ်ပြာ)၊ ဇော်ဇော်ကောင်း၏၊ ဦးတင်ကိုဝင်း၊ ရွှေအင်းသား ခင်မောင်ဝင်းတို့က ရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ကျောက်မဲမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြော

ကျောက်မဲ နိုဝင်ဘာ ၁၀

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် စခန်းသာကျေးရွာအုပ်စု ခမ်းဆာကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နုန်းဖြူဖြူအောင်က ကွင်းဆင်းကြီးကြပ်၍ ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ရနိုင်သည့် ရေရှားပါးမှုအန္တရာယ်၊ သောက်သုံးရေသန့်ရှင်းရေးနှင့် စနစ်တကျ ချွေတာသုံးစွဲရေး နည်းလမ်းများကို ပြည်သူများအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ)၌ အခြေခံကွန်ပျူတာကာလတိုသင်တန်း ဖွင့်လှစ်

သထုံ နိုဝင်ဘာ ၁၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ)မှ စီစဉ်ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိုးအောင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ကြာပန်းကျေးရွာရှိ အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ)၌ နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

နောင်ချိုမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ



နောင်ချို နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်ရှိ စုရပ်အသီးသီးတွင် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ တာဝန်ခံဆရာဝန်များက ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မုဒုံမြို့နယ်၌ သမဝါယမမှမ်းမံသင်တန်းဖွင့်



မုဒုံ နိုဝင်ဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မုဒုံမြို့နယ် သမဝါယမဦးစီးဌာနမှ အသင်းအမှုဆောင်နှင့် အသင်းဝင် ဝန်ထမ်းများအား သမဝါယမမှမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့က သမဝါယမအသင်းစုရုံး၌ ပြုလုပ်သည်။

သင်တန်းတွင် မုဒုံမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူးက အမှာစကားပြောကြားပြီး သမဝါယမသဘောတရားရေးရာများ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ စာရင်းရေး စာရင်းကိုင်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးသင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းကို အသင်းအမှုဆောင်၊ အသင်း၀န်ထမ်း ၃၀ တို့တက်ရောက်၍ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေရှားမည့်ဘေး ရှောင်ရှားဖို့၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၀

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

ည အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ပေတစ်မှ ၁ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဧလွန်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေတစ်မှ ၁ ပေခွဲခန့်၊ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေတစ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေတစ်မှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေတစ်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေတစ်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေတစ်ခန့်၊ ဝဲခ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေတစ်မှ ၁ ပေခန့်၊ တိုင်းမြစ်ရေသည် ဓအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေတစ်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

သာယာဝတီခရိုင်တွင် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်လှစ်



သာယာဝတီ နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးသာယာဝတီမြို့နယ်တွင် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၂၆-၂၀၂၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အင်းရွာတောင်သူ ပညာပေးသင်တန်းကျောင်း၌ ကျင်းပရာ သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင်ကျော်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ညိုညိုသိမ်းက အဓိကသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် (မျိုး၊ မြေ၊ ရေ၊ နည်း) အလိုက် ဆောင်ရွက်ရန် လိုအပ်သောနည်းပညာများကို စနစ်တကျလိုက်နာဆောင်ရွက်ရေးနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ စာတွေ့၊ လက်တွေ့ သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပင်လောင်းမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ပင်လောင်း နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ထီဗီကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။



သိရှိလိုသည်များ မေးမြန်းဆွေးနွေး

ဆွေးနွေးပွဲတွင် ပြည်နယ်သီးနှံတာဝန်ခံက အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ ကြုံတွေ့ ပြင်ဆင် စုဆောင်းထားရမည့် အချက်များ၊ ဒေသစိုက်ပျိုးရေး ဦးစီးမှူးက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်အပေါ် ကာကွယ်ရမည့် နည်းလမ်းများနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက သီးနှံဖျက်ပိုးနှင့် ရောဂါကာကွယ်နှိမ်နင်းရမည့် နည်းလမ်းများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်သီးနှံတာဝန်ခံနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ခွဲပြင်သံကြား

၁၁-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုဆိုသော နိုင်ငံတော် သံယမဟာနာယကအဖွဲ့ဆရာတော်များက ဟိုတ်ဟရားတော်ဂွတ်တော်မူတော်ခြင်း
၀၆:၃၀ နံနက်ခင်းသတင်း
၀၈:၃၀ အနာဂတ်အာဂကာသရီးသို့
၀၉:၁၀ လယ်ယာကဏ္ဍပွဲဖြိုးတိုးတက်မှုရည်ရွယ်သည့် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့
၀၉:၄၀ ကမ္ဘာတစ်နှံ့ကရေးနားလျှော်စစ် ထုတ်လုပ်မှုများ (အပိုင်း-၂)
၁၀:၃၀ ရုပ်မြင်သံကြားတက္ကသိုလ်း 'ဝိဇ္ဇာသြဠု'
၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၂၅ လွှင့်သူအလုပ်ဟာဂီတာ
၁၁:၃၀ MRTV National News
၁၅:၃၀ Weekly Soccer Preview

mitv

07:01 Evergreen Classic: Te Ja Su Ne Ma
07:09 The Exquisite Beauty of Myanmar Gemstone Paintings
07:24 Exploring Hainan
07:45 Making a Living as Horticulturist
08:26 Alms Bowl
08:46 Life of Sea Urchin Diver
09:01 BTravelogue: Chaung Tha at its peak period
09:16 Myanmar Traditional Snacks: Kaung Nyin Pyan Paung
09:23 Wa Traditional Dance and Beauty
09:34 The Yangon Zoo & The Adorable Lady Elephant "Mo Mo"

MRTV MRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၈:၀၀)
ချင်းပလေးချက်သည့်ရိုင်ဇုက်ပဟူဘုတင်း
ချင်း (ဖျိုး) (၀၈:၀၀ မှ ၀၈:၃၀)
တောင်ယာင်းသို့အလည်တစ်ခေါက်
မွန် (၀၈:၀၀ မှ ၁၀:၀၀)
မွန်တိုင်းရပ်ကြည်ဂိုဏ်ဘွယ်ရာ ဝေလုပ်ထုတ်များ
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
မြန်မာ့ယဉ်ကျေးမှုဆင်ဆာထိရခိုင်ဘင်းလျှများ (သဟဇာတ)
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
နှစ်ပါင်းချည်ကြာတည်မြဲပါတဲ့အိုးလက်ရာ
ဝ (၁၃:၀၀ မှ ၁၆:၀၀)
ကြက်ဟက်သီးနှင်ကျန်းမာရေး

MRTV NEWS

၀၆:၀၀ အလွှင့်တေးသီချင်း
၀၆:၀၅ လူထုလူများအားဓာတ်း
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကဏ္ဍ (LIVE)
၁၉:၁၅ လေ့ပတ်ဆင့်နိုင်ငံခြားမှုဝင်းအားကို မြန်လည်ကဆောက်ခြင်း
၁၉:၄၅ Sports Max
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ Festivals Around The World
၂၁:၄၅ လွှင့်တော်ထုတ်ရာအခြားမြာ

MRTV FARMERS

၀၆:၀၀ အလွှင့်နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားထုတ်ရာသတင်း
၀၆:၂၅ နိုင်ငံဒီးမူးတိုးတက်ဆဒို့ MSME လုပ်ငန်း တက်ညီလက်ညီဆောင်ရွက်ဆို့
၁၀:၀၀ တက်ယဆုံးအကြံဉာဏ်သားလွှတ်တော် တက်ယဆုံးအရည်အဝေး (၁၆)ရက်မြောက်နေ့တိုက်ဆိုင်ထုတ်လွှင့်မှု
၁၆:၃၀ နိုင်ငြားဇာတ်လမ်းတွဲ 'တယာမြို့ပြ' (အပိုင်း-၀)

MRTV

၀၆:၀၀ အလွှင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြောက်ယ်
၀၆:၄၅ Sports Diary
၀၇:၃၀ Weekly MNL Review
၀၈:၀၀ 33rd SEA Games (အမျိုးသား) ဘောလုံးပွဲပြိုင်ပွဲ (Replay) (မြန်မာနှင့် ဝေးရွာ)
၁၉:၀၀ အားကစားသတင်း

MRTV SPORTS

၀၆:၀၀ အလွှင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြောက်ယ်
၀၆:၄၅ Sports Diary
၀၇:၃၀ Weekly MNL Review
၀၈:၀၀ 33rd SEA Games (အမျိုးသား) ဘောလုံးပွဲပြိုင်ပွဲ (Replay) (မြန်မာနှင့် ဝေးရွာ)
၁၉:၀၀ အားကစားသတင်း

Me

၀၆:၀၀ အလွှင့်၊ ဓမ္မပုတ္တဝေးသီချင်းများ
၀၆:၂၀ ကာတွန်း 'ချစ်ထုသို့ပိသားစု' (အပိုင်း-၂၂)
၀၆:၄၀ မြန်မာသံစဉ်ဝေးများ
၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရွှင်ပြစ်သွားသော အိပ်ဝက်များ' (အပိုင်း-၆)
၀၇:၅၅ နိုင်ငြားဇာတ်လမ်းတွဲ 'ဟန်းဆောင်အပြုံးနဲ့အမုန်း' (အပိုင်း-၂၇)
၀၈:၃၅ Bollywood Hit Songs (50)
၀၉:၀၀ ပေတံသဇာဇာတ်တော်ကြီး (၀၀ပပိုင်း)
၁၀:၄၅ ပေတံသဇာဇာတ်တော်ကြီး (ဒုတိယပိုင်း)

MRTV ENTERTAINMENT

၀၉:၀၀ အလွှင့်၊အလံ
၀၉:၃၀ လွှတ်တော်ရေးရာအခြားမြာ (Repeat)
၀၉:၅၅ တက်ယဆုံးမြို့နယ်လွှတ်တော် တက်ယဆုံးအရည်အဝေး (၂၇)ရက်မြောက်နေ့တိုက်ဆိုင်ထုတ်လွှင့်မှု
၁၃:၀၀ လွှတ်တော်သတင်း (၄-၁၁-၂၀၂၆)

MRTV

၀၆:၀၀ အလွှင့်၊အလံ
၀၆:၃၀ လွှတ်တော်ရေးရာအခြားမြာ (Repeat)
၀၆:၅၅ တက်ယဆုံးမြို့နယ်လွှတ်တော် တက်ယဆုံးအရည်အဝေး (၂၇)ရက်မြောက်နေ့တိုက်ဆိုင်ထုတ်လွှင့်မှု
၁၃:၀၀ လွှတ်တော်သတင်း (၄-၁၁-၂၀၂၆)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel

အယ်လ်နီညိုဖြစ်စဉ်နှင့် စားနပ်ရိက္ခာရှားပါးမှုဘေးအန္တရာယ်

တင်ထက်ထက်ဇော်



အယ်လ်နီညိုဆိုသည်မှာ ပုံမှန်ထက် ထူးကဲစွာ ပူနွေးလာသည့် အီကွေတာရပ်ဝန်း ပစိဖိတ် သမုဒ္ဒရာရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန်ကြောင့် သမုဒ္ဒရာရေစီးကြောင်းများ၊ ယင်းနှင့်ဆက်စပ်သော လေထုနှင့် ရေစီးကြောင်းများပြောင်းလဲကာ ပစိဖိတ် သမုဒ္ဒရာဝန်းကျင်ဒေသများအပြင် ယင်းဒေသများနှင့် ထိတွေ့ဆက်စပ်နေသော ဒေသများ၏ မိုးလေဝသအခြေအနေ သက်ရောက်သည့်ဖြစ်စဉ်ကို "အယ်လ်နီညို"ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ အယ်လ်နီညိုဖြစ်စဉ်ကို လူသားများက ၁၅ ရာစုနှစ်ကတည်းက တွေ့ရှိမှတ်သားလာကြပြီး ရာသီဥတုပြောင်းလဲခြင်းကမူ ၁၉၈၀ ပြည့်နှစ်ခန့်မှ စတင်ဖြစ်ပေါ်လာကြောင်း လေ့လာသိရှိရပါသည်။

အယ်လ်နီညို ရာသီဥတုအခြေအနေတွင် မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ တချို့ဒေသများတွင် မိုးအလွန်ရွာပြီး ရေကြီးရေလျှံခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာသွန်းရက် လျော့နည်းတိုတောင်းခြင်း၊ ဆောင်းကာလတွင် အအေးဓာတ်လျော့နည်းခြင်း၊ နွေရာသီတွင် ပို၍ပူပြင်းခြောက်သွေ့ခြင်းတို့ ဖြစ်ပေါ်ပြီး ရေလှောင်တမံနှင့် ရေလွှဲဆည်များတွင် ရေဝင်ရောက်မှုနည်းပါးခြင်း ဖြစ်ပေါ်နိုင်ပါသည်။ အကယ်၍ အယ်လ်နီညိုအားကောင်းလာပါက အပူလွန်ကဲခြင်း၊ အပူလှိုင်းဖြတ်ခြင်းတို့အပြင် နွေရာသီတွင် ပူပြင်းခြောက်သွေ့ပြီး သာမန်ထက် ပို၍ ရှည်ကြာနိုင်မည့်နွေကာလကို ဖြတ်သန်းရနိုင်ပါသည်။

အယ်လ်နီညိုရာသီဥတုနှင့် မိုးခေါင်ခြင်း

ပြည်နယ်တစ်ခု သို့မဟုတ် မြို့နယ်တစ်ခုတွင် နှစ်ပေါင်း ၃၀ ပျမ်းမျှ ရွာသွန်းမြဲမိုးရေချိန်ပမာဏထက် လျော့နည်းမှု ၂၀ ရာခိုင်နှုန်းသည် ရက်သတ္တပတ်ထက်ပိုကြာနေပါက ၎င်းကို "သာမန်မိုးခေါင်ခြင်း (Minor Drought)"ဟု သတ်မှတ်ပြီး အကယ်၍ နှစ်ပေါင်း ၃၀ ပျမ်းမျှမိုးရေချိန်ပမာဏထက် လျော့နည်းမှု ၅၀ ရာခိုင်နှုန်းသည် ၁၅ ရက်ထက် ပိုကြာနေပါက "မိုးခေါင်ခြင်း (Major Drought)"ဟု ခေါ်ပါသည်။

ယနေ့ကာလသည် ပြင်းထန်သည့်အပူဒဏ်နှင့် မိုးခေါင်ရေရှားမှုဒဏ်ကို ပြင်းထန်စွာခံစားနေရခြင်းသည် စားနပ်ရိက္ခာထုတ်လုပ်မှုအပေါ် ကြီးမားသည့် ခြိမ်းခြောက်မှုဖြစ်သည်။ ၂၀၂၃ ခုနှစ်သည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ နှစ်ပေါင်း ၁၂၅ နှစ်အတွင်း အပူဆုံးနှစ်များထဲတွင် ပါဝင်ခဲ့သည်။ မှတ်တမ်းများအရ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသ ၅၅ နေရာတွင် လူပေါင်း ၂၈၂ သန်းနီးပါးသည် ပြင်းထန်သော ငတ်မွတ်ခေါင်းပါးမှုအဆင့်ကို ကြုံတွေ့ခဲ့ရပြီး စားနပ်ရိက္ခာမလုံလောက်သည့်ပြဿနာသည် ငါးနှစ်ဆက်တိုက် ပိုမိုဆိုးရွားလာနိုင်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းများက ယင်းနှစ် ဧပြီ ၂၄ ရက်တွင် သတိပေးထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ယခုနှစ်တွင်လည်း ပုံမှန်ထက်လွန်ကဲသော အပူချိန်များကို ခံစားနေကြရသည်မှာ မိုးရာသီဖွယ်အလားအလာဖြစ်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်နှင့်
ဂေဟစနစ်ပေါ် သက်ရောက်မှုများ

ပူပြင်းခြောက်သွေ့သည့် ဒေသများတွင် မိုးခေါင်မှုကာလရှည်လာခြင်းကြောင့် မြေဆီလွှာအရည်အသွေးယိုယွင်းလာပြီး အပင်များရှင်သန်ရန် ခက်ခဲခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ သဲကန္တာရ (Desert) ဖြစ်ထွန်းမှုမြန်ဆန်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ တောမီးလောင်ကျွမ်းမှုများ ပိုမိုများပြားလာခြင်းကြောင့် သစ်တောဂေဟစနစ်ပျက်စီးခြင်း၊ စားကျက်မြေများနည်းပါးခြင်း၊ ဇီဝမျိုးကွဲများ မျိုးသုဉ်းနိုင်ခြင်း ခံစားရနိုင်ပါသည်။ ပင်လယ်ရေအပူချိန်မြင့်တက်လာခြင်းကြောင့်လည်း အဏ္ဏဝါဂေဟစနစ် (Marine Ecosystem)၊ သက်ရှိများ၏မှီခိုရာ သန္တာကျောက်တန်းများ (Coral Reefs) ယိုယွင်းပျက်စီးလာသည်ကို မလွဲမသွေကြုံရနိုင်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့်
စိုက်ပျိုးရေးထိခိုက်နိုင်

အယ်လ်နီညို၏ သက်ရောက်မှုများအနက် အဓိကထိခိုက်မှုရှိနိုင်သည်မှာ စိုက်ပျိုးရေးကဏ္ဍာဖြစ်သည်။ စိုက်ပျိုးသီးနှံများအားလုံး အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ရေက အဓိကကျလှသည်။

- အပူချိန် ၁ ဒီဂရီတိုးလာပါက ချောင်း၊ မြောင်းများအတွင်း ရေခန်းသွားနိုင်ပါသည်။
- အပူချိန် ၂ ဒီဂရီတိုးလာပါက တဖြည်းဖြည်း ချင်း ရေတွင်း၊ ရေအိုင်များ ခန်းသွားနိုင်ပါသည်။
- အပူချိန် ၃ ဒီဂရီတိုးလာပါက မြေအောက်ရေများ ခန်းသွားနိုင်ပါသည်။

ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်၏ စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများအနေဖြင့် -

- မုတ်သုံအဝင်နောက်ကျပြီး မုတ်သုံစောထွက်ခြင်းကြောင့် မုတ်သုံကာလတိုတောင်းလာပြီး မုတ်သုံမိုးကို မှီခိုနေရသော စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေပါသည်။
- မုတ်သုံကာလ တိုတောင်းခြင်းနှင့် ရေရှားပါးခြင်းတို့ကြောင့် အပူချိန်မြင့်မားသာနွေကာလရှည်လျားပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးနိုင်ပါသည်။
- မိုးရွာသွန်းမှုပုံမမှန်ခြင်းနှင့် အထွက်နှုန်းနောက်ကျခြင်းကြောင့် စပါး၊ ပဲမျိုးစုံ၊ နှမ်းနှင့် အခြားသီးနှံများ အထွက်နှုန်းကျဆင်းနိုင်ပါသည်။
- ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသောကြောင့် စိုက်ပျိုးမြေများအတွင်း ဆားငန်ရေဝင်ရောက်သဖြင့် ပျက်စီးခြင်း ကြုံရနိုင်ပါသည်။

သို့ပါ၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေအရင်းအမြစ် ခန်းခြောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးသီးနှံများအတွက် ရေပြဿနာကို ခါးစည်းခံရဖွယ်ရှိပါသည်။

အနီးစပ်ဆုံး သာကေကိုပြရပါလျှင် ကမ္ဘာ့စပါး ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းနှင့် ဆန်တင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းရှိသည့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရသောနှစ်များတွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် စပါးအထွက်နှုန်း လေးရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကာ ဆန်စျေးနှုန်း ထိုးတက်ခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့်
မွေးမြူရေးထိခိုက်နိုင်

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဒေသတွင်း လျှပ်တစ်ပြက် ရေကြီးရေလျှံမှု (Flash Flood) ဖြစ်ပေါ်လာနိုင်သလို တစ်ဖက်ကလည်း အစာမှ အသားပြောင်းနှုန်းညံ့ဖျင်းလာခြင်း၊ ကူးစက်ရောဂါများ၊ အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်းနှင့် အပူချိန်မြင့်မားလာက တိရစ္ဆာန်များ အသက်ဆုံးရှုံးမှုများလည်း ကြုံရနိုင်ပါသည်။

FAO သတိပေးချက်

အယ်လ်နီညိုဖြစ်စဉ်များနှင့် သဘာဝဘေးဆိုင်ရာ စိန်ခေါ်မှုများ၏ အကျိုးသက်ရောက်မှုသည် စားနပ်ရိက္ခာရှားပါးမှုကို ဦးတည်စေနိုင်သကဲ့သို့ တစ်ဖက်ကလည်း စားနပ်ရိက္ခာများ မည်မျှပင် ထုတ်လုပ်နိုင်စေကာမူ အစားအစာများ အလေအလွင့် ရှိနေပါက အမျိုးမျိုးသောဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း FAO က သတိပေးထားသည်။ FAO စစ်တမ်းများအရ ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာအလေအလွင့်သည် စပါး၊ ဂျုံ၊ ပြောင်း စသည့်သီးနှံစေ့များတွင် ၃၀ ရာခိုင်နှုန်း၊ ဥ၊ အမြစ်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များတွင် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း၊ ဆီထွက်အစေ့အဆန်များ၊ နို့ထွက်ပစ္စည်းများနှင့် အသားများတွင် ၂၀ ရာခိုင်နှုန်းနှင့် ငါးများတွင် ၃၅ ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံးမှုတွေ့ရှိရကြောင်း ဆိုထားသည်။

မြန်မာနိုင်ငံနှင့် စားနပ်ရိက္ခာအခြေအနေ

မြန်မာနိုင်ငံတွင်လည်း အယ်လ်နီညို၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အပူချိန်မြင့်တက်ခြင်း၊ မုတ်သုံဝင်ရောက်မှုနောက်ကျခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မိုးဦးကာလ မိုးရွာသွန်းမှုနည်းခြင်း၊ ဒေသအလိုက် မိုးရွာသွန်းမှုများ၊ ရေကြီးရေလျှံခြင်း၊ ဆောင်းရာသီ အအေးပေါ့ခြင်း စသည့်ရာသီဥတုဖောက်ပြန်မှုများကို တစ်နှစ်ထက်တစ်နှစ် ကြုံတွေ့နေကြရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးမှုအတွက် စားနပ်ရိက္ခာဖူလုံနေသော်လည်း ၂၀၅၀ ပြည့်နှစ်တွင်ရှိလာမည့် ပျမ်းမျှလူဦးရေ သန်း ၁၀၀ အတွက် စားနပ်ရိက္ခာလိုအပ်ချက်မှာ ကြီးမားသည့်စိန်ခေါ်မှုဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးကို ရှေးရှုဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ထွက်ရှိလာသည့် စားနပ်ရိက္ခာများကို အကျိုးရှိစွာဖြင့် အလေအလွင့် နည်းပါးအောင်သုံးစွဲနိုင်ရေးကိုလည်း စနစ်တကျ လုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် လေလွင့်ဆုံးရှုံးမှုများသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုပြဿနာများကို ကျော်လွှားရေးအတွက် အဓိကအဟန့်အတားတစ်ရပ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

"မွေးမြူရေးလုပ်ငန်းတွင် အယ်လ်နီညိုသက်ရောက်မှုအဖြစ် တိရစ္ဆာန်အစာရေစာများ ရှားပါးလာခြင်း၊ ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ တိရစ္ဆာန်များတွင် ထုတ်လုပ်မှုကျဆင်းလာခြင်း၊ ဇီဝကမ္မဗေဒဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများဖြစ်လာနိုင်ခြင်း၊ မျိုးပွားထုတ်လုပ်မှုကျဆင်းလာခြင်းနှင့် အစာမှ အသားပြောင်းနှုန်းညံ့ဖျင်းလာခြင်း၊ ကူးစက်ရောဂါများ၊ အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်းနှင့် အပူချိန်မြင့်မားလာက တိရစ္ဆာန်များ အသက်ဆုံးရှုံးမှုများလည်း ကြုံရနိုင်"



ပညာရဲရင့်ပွဲလယ်တင့်

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (၄၄-၂၁)၊ ဦးပိုင်အမှတ် (၆၆-ခ)၊ ၆၆ၫ၆၇ ကြား၊ ၁၃၃ၫ၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝင်းတင်ထိမ့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၄၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်နိုင်ထွန်း [၁၃/ကမန (နိုင်) ၁၅၀၇၅၅၅]မှ အမှတ်အမှတ် (၃၄၀၃/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (၄၄-၁၅)၊ ဦးပိုင်အမှတ် (၆၆-ခ)၊ ၆၆ၫ၆၇ ကြား၊ ၁၃၃ၫ၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်နိုင်ထွန်း [၁၃/ကမန (နိုင်) ၁၅၀၇၅၅၅]မှ အမှတ်အမှတ် (၃၄၀၃/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (၄၄-၁၄)၊ ဦးပိုင်အမှတ် (၆၆-ခ)၊ ၆၆ၫ၆၇ ကြား၊ ၁၃၃ၫ၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖုန်ကြားချမ်း(ခ) ကျော်လင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၄၈/၂၀၂၆) ဖြင့်ဝယ်ယူခဲ့သော FON KYAR HWA [၁၃/သပန(ပြု)၀၀၀၀၂၉]၊ ဒေါ်ခိုမိတ် [၁၃/နဆန(ဧည့်)၀၀၀၂၉၁]တို့က အမှတ်အမှတ် (၃၄၁၇/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျက်မြို့နယ်၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ မီးသတ်ကန်လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၃/၇၆)၊ မြေကွက်အမှတ်(၁၂)ဟုခေါ်တွင်သော မြေဧရိယာ (၀.၀၄၅)ဧကရ၊ ဂရန်မြေကွက်အပေါ် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပြင် အကျုံးစံစားခွင့်အရပ်ရပ်များကို ရောင်းချသူ **ဒေါ်အေးကြည်ပြာမင်း [၁၂/သကတ(နိုင်) ၁၇၅၂၄၀]**မှ ဥပဒေနှင့်အညီ ပိုင်ဆိုင်ကြောင်းနှင့် အရပ်အရုပ်ကင်းရှင်း ကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးမိုးမြင့်စံ [၁၂/တမန (နိုင်) ၁၂၀၀၅၆]**မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျမှိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမိုးမြင့်စံ ၏ လွှဲအပ်ထွန်းကြားချက်အရ–
ဒေါ်ဝါဝါနွယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၆၁)
အမှတ်(၁၃၈)၊ သုမင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၀၄၀၆၈၈၆

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၈၊ မြေကွက်အမှတ်- ၁၄၆၀(၁)၊ အကျယ်အဝန်း (၂၀×၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပြင် အကျုံးစံစားခွင့်အရပ်ရပ်များကို ရောင်းချသူ **ဒေါ်ဝင်းနီနွဲ့ [၉/မမန(နိုင်) ၀၂၉၂၇၁]**မှ ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်ပိုးအိစံစံ [၁၂/ဒဂရ(နိုင်) ၀၂၅၁၀၆]**မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျမှိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပိုးအိစံစံ၏ လွှဲအပ်ထွန်းကြားချက်အရ–
ဒေါ်ဝါဝါနွယ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၆၁)
အမှတ်(၁၃၈)၊ သုမင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၀၄၀၆၈၈၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မောကပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၂၀၇) မြေကွက်တည်နေရာအမှတ် (၂၀၇)၊ ဧရိယာအနေဖြ (၅)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မောကပိုင်း)မြို့နယ်၊ ဦးတင်ဝင်း [၁၂/လမန(နိုင်) ၀၅၉၃၀၂] အမည်ပေါက် နှစ်(၆၀)မြောက်စာချုပ်ဂရန်မြေအား မြေအည်ပေါက် ဦးတင်ဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြမြစိုး [၁၂/လမန(နိုင်)၀၁၄၄၉၈]မှ တစ်ဦးတည်းသော တရားဝင်ခံနီးဖြစ်ကြောင်း၊ ၎င်းသားလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ()စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြောက်စာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဘဏ်(၄)–ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘဏ်နှင့်ဆက်သွယ်ပြီးမှတ်ချက်နှင့်ပတ်သက်၍ အိမ်နှင့် နှစ်(၆၀)ဂရန်မှာ ဘဏ်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းနှင့်အိမ်မှာ ၎င်း၏လက်ဝယ်တွင် ယနေ့ထိတိုင်အောင်ရှိကြောင်း၊ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းနှင့်ပုံတော်သက်၍ ဖြစ်ပေါ်လာသောငြိသနာများကို ၎င်းမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်မြမြစိုး၏ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနနှုန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

❖ ၂၀၂၆ ခုနှစ်မှ

အဆိုပါဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ “၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ” အမျိုးသားပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ အဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ မြန်မာ့လက်ရွေးစင်မှ

ရန်ကုန်နိဝင်းအသင်းသည် စိုးမိုးကျော်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရာသီဝက်အပြောင်းအရွေ့ကာလ ဈေးကွက်ဖွင့်သည့် ဒုတိယအကျော့မှသာ စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ ရန်ကုန်စီးတီးအသင်းသည် ပြီးခဲ့သည့်ရာသီ M-League II တွင် ယှဉ်ပြိုင်ကတည်းက လက်ရွေးစင်အဆင့်ကစားသမားများ ခေါ်ယူအားဖြည့်ခဲ့သလို ယခုရာသီ M-League သို့ တန်းတက်ခွင့်ရချိန်တွင်လည်း လက်ရွေးစင်အဆင့် ကစားသမားများအပါအဝင် အင်အားဖြည့်တင်းမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ရာသီအစခြောက်ပွဲကစားအပြီးတွင် ရှုံးပွဲမရှိသေးဘဲ လေးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၁၄ မှတ်ဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။ စိုးမိုးကျော် သည် အား/ကာသိပ္ပံအသင်းမှ ထွက်ပေါ်လာသူဖြစ်ပြီး ရန်ကုန် ယူနိုက်တက်၊ ဧရာဝတီ ယူနိုက်တက်အသင်းတို့တွင် ကစားခဲ့ဖူးကာ နောက်ပိုင်းတွင် ပြည်ပကလပ်များတွင် ကစားခဲ့သူဖြစ်သည်။ စိုးမိုးကျော်သည် ကမ္ဘောဒီးယားနှင့် ထိုင်းကလပ်တို့တွင် ကျင်လည်ပြီးနောက် ပြည်တွင်းကလပ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-YCFC

❖ M-League မှ

Falcon အသင်းက ၂၃ ပွဲကစား ၃၃ မှတ်၊ Galaxy အသင်းက ၂၄ ပွဲကစား ၃၃ မှတ်၊ သစ္စာအားမာန်အသင်းက ၂၃ ပွဲကစား ရမှတ် ၃၀၊ ဧရာဝတီယူနိုက်တက်အသင်းက ၂၃ ပွဲကစား ၂၂ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၂၃ ပွဲကစား ၂၁ မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၂၂ ပွဲကစား ၁၈ မှတ်၊ မြဝတီအသင်းက ၂၃ ပွဲကစား ၁၁ မှတ်၊ Chinland အသင်းက ၂၃ ပွဲကစား ရှစ်မှတ် ရရှိထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MLeague

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မတွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မွေးသက္ကရာဇ်အမှန်

(၁၁) ဦးသောင်းလှိုင်၏ သား ဦးရန်လင်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သဃက (နိုင်) ၀၃၂၁၁၁]၏ မွေးသက္ကရာဇ်အမှန်မှာ **(၂၇-၇-၁၉၇၁)၊ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်** ဖြစ်ပါကြောင်း။

အမည်ပြောင်း

ကျိုက်ထိုမြို့၊ အ.ယ.က (တပ်မြေထိုး) Grade-4 မှ ဦးမြင့်ဝေဏီသမီး မလပြည့်လင်းအား မလို့ငင်ပြိုးဟဏ်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မလို့ငင်ပြိုးဟဏ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်(၈)ရပ်ကွက်၊ သုမင်္ဂလမ်း၊ မြေကွက်အမှတ် (၁၀၅၁၃)၊ နှစ်(၆၀) မြေငှားဂရန်မူရင်းပါ မြေအကျယ် ၀ပ(၂၀×၅၀)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးပါသည့် နေအိမ်အကျုံးစံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်ချေမြင့် [၁၂/ဥကမ(နိုင်)၀၀၄၀၈၈]မှ အမည်ပေါက် ဝယ်ယူရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ဆုသန္ဓာကျော် [၉/မကန(နိုင်)၂၃၀၃၄၀]မှ ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆုသန္ဓာကျော်၏ ညွှန်ကြားချက်အရ–
ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဝေး (H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၆၀၅) (၂၀-၇-၁၉၉၈)
ရုံး- (၆၁/၃၀၄)၊ ၀၀ဇဝထ၊ ဒေဇသိလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၅၀၇၂၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မောကပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၂၀၇) မြေကွက်တည်နေရာအမှတ် (၂၀၇)၊ ဧရိယာအနေဖြ (၅)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မောကပိုင်း)မြို့နယ်၊ ဦးတင်ဝင်း [၁၂/လမန(နိုင်) ၀၅၉၃၀၂] အမည်ပေါက် နှစ်(၆၀)မြောက်စာချုပ်ဂရန်မြေအား မြေအည်ပေါက် ဦးတင်ဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြမြစိုး [၁၂/လမန(နိုင်)၀၁၄၄၉၈]မှ တစ်ဦးတည်းသော တရားဝင်ခံနီးဖြစ်ကြောင်း၊ ၎င်းသားလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ()စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြောက်စာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဘဏ်(၄)–ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘဏ်နှင့်ဆက်သွယ်ပြီးမှတ်ချက်နှင့်ပတ်သက်၍ အိမ်နှင့် နှစ်(၆၀)ဂရန်မှာ ဘဏ်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းနှင့်အိမ်မှာ ၎င်း၏လက်ဝယ်တွင် ယနေ့ထိတိုင်အောင်ရှိကြောင်း၊ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းနှင့်ပုံတော်သက်၍ ဖြစ်ပေါ်လာသောငြိသနာများကို ၎င်းမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်မြမြစိုး၏ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနနှုန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်ဗြို့နယ်၊ သီတာလမ်း၊ အမှတ်(၂၄၂)ရှိ (၂)နှစ်တွဲ (၇)ထပ်တိုက်၏ မြေညီထပ် (မျက်နှာမူလျှင်လက်ယာဘက် အခြမ်း) တိုက်ခန်း(၁)ခန်းအပါအဝင် အဂျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးတင်မောင်မြင့် (၁၂/ကမထ(နိုင်)၁၀၅၁၆၅)ထံမှ ကျွန်ုပ်တို့ဦးစီးဌာန(စီမံခန့်ခွဲရေးအဖွဲ့) (၈–၁၁–၂၀၂၆)ရက်စွဲပါစာချုပ်ဖြင့် စရံငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၂၁၀)၊ အကျယ်အဝန်း (၄၀၀ပေ x ၆၀ပေ)ရှိ ဦးသန်းဆောင် (၁၂/မဂဒ(နိုင်)၀၃၀၀၄၈)အမည်ဝါကပါမစ်မြေကွက်အနက်မှ (မျက်နှာမူလျှင် လက်ယာဘက်အခြမ်း)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိမြေကွက်နှင့်ယင်းအိမ်အပါအဝင် အဂျိုးခံစားခွင့်အရပ်ရပ်တို့အားဆက်စပ်စာချုပ်ဖြင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးအောင်ဇော်လွင် (၇/ပခန(နိုင်) ၀၀၄၄၄၆)ထံမှကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် (၉–၁၁–၂၀၂၆)ရက်စွဲပါစရံငွေ ပေးချေထားပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်ပတက္ခကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးပြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချစ်သင်၀ေ (LL.B), အထက်တန်းရှေ့နေ (စဉ်–၃၁၀၀၈၈)
တိုက် –5/B(304)၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၃၂၃၀၆၆၊ ၀၉–၇၈၆၆၆၁၂၆၄

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့နယ်၊ မောင်ငံရပ်ကွက်၊ အထက်လမ်းမလမ်း၊ အိမ်အမှတ်၊ တိုက်–၃/အခန်း(၅)ခန့် ဦးသုရိယဓါသမီး မခန့်ကလွယ်မင်းသူ (၁၀/မလမ(နိုင်) ၂၃၉၃၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်–MI 663566 သည် ပျောက်ဆုံးသွား ပါသဖြင့် ၀၉၆၇၂၈၈၂၆၆ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၁၀၀၉၉၇၇

ပြင်ဆင်ဖတ်ရှုပေးပါရန်

တရားလွှတ်တော်ရှေ့နေ ဒေါ်သီတာအုန်း အမည်ဖြင့်၊ ထည့်သွင်းကြေငြာခဲ့သော (၁၀–၁၁–၂၀၂၆)ရှိ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)ပါ အများသိစေရန် အသိပေးကြေငြာခြင်း တွင် မော်ပြခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဂု–ရပ်ကွက်၊ ရာနာသုရလမ်း၊ အမှတ်(၁၀၄၃/က)ဟု ခေါ်ဆိုင်းသည့် (၆)ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်းနှင့် အခြားအချက်အလက်များမှာ မှားယွင်းနေသဖြင့် ယင်းကို ဖတ်ရှုပေးပါရန် ဦးကျော်ကျော်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၉၂) အမှတ်(၁၂၄)၊ ရေဝကြီးလမ်း၊ (၁၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၇၃၆၅၉၉ ၀၉-၉၂၃၀၇၃၆၅၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဂရုဏာ (၁)လမ်း၊ အမှတ်(၆၃၁/ခ)ရှိ အလျားပေ(၃၀)အနှစ်(၆၀)ပေ ဦးပြိမ်းအေး အမည်ပေါက် ဂရန်မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်စိုး(ခ)စိန်မြစိုး(၁၂/ဥဂမ(နိုင်)၀၁၀၆၅၄)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆက်ဝေဖြိုး(၁၂/ဥဂမ(နိုင်)၂၂၂၅၁၇)မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အားဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဆက်ဝေဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ကျော်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၀၃၄၉၂)
အမှတ်(၁၂၄)၊ ရေဝကြီးလမ်း၊ (၁၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၇၃၆၅၉၉ ၀၉-၉၂၃၀၇၃၆၅၉၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် (၇၄၃/က)၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ် (၇၄၃/က)၊ အကျယ်အဝန်း (၂၀′ × ၆၀′) အကျယ်ရှိ ဦးလှဝင်း (N/OKA-၀၀၈၉၈၂) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဂျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်ဝယ်ပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအေးသန်း (၁၂/လမန(နိုင်)၀၅၅၆၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အဂျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နှင်းနုလွင်
(LL.B, D.B.L, D.I.L) (LL.B) (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉)၊ သုမင်္ဂလာလမ်းကြီး၊ (၈)ရပ်ကွက်၊ ဆောင်းဥယျာဉ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၁၀၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်ဖလံးရပ်ကွက်၊ စက်တွင်းလမ်း၊ တိုက်အမှတ် (၉)၊ အခန်း အမှတ် (B)၊ ပထမထပ်၊ အကျယ်အဝန်း (၁၂′၂″ × ၅၀′) အကျယ်ရှိ ရေ+မီး စုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အဂျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်ဝယ်ပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်နိုင် (၁၂/ကမတ(နိုင်) ၀၁၆၁၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အဂျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နှင်းနုလွင်
(LL.B, D.B.L, D.I.L) (LL.B) (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉)၊ သုမင်္ဂလာလမ်းကြီး၊ (၈)ရပ်ကွက်၊ ဆောင်းဥယျာဉ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၁၀၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ပုံတာ(၁)ရပ်ကွက်အမှတ်(၅)၊ ပင်းယ(၁၀)လမ်း၊ အမှတ်(၁၈၉/က) ပေါ်တွင် မြေရှင်နှင့်ကန့်ထရိုက် အကျိုးတူပူးပေါင်းတည်ဆောက်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက်၏ (၃ဝ၀ယ)ထပ်၊ (၃)လွှာ၊ အကျယ်အဝန်း(အလျား ၁၈ ပေ x အနံ ၅၄ ပေ)ရှိသော တိုက်ခန်းနှင့်တက္ခ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ မီတာ အပါအဝင် အခြားအကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ကန်ထရိုက်တာ ဦးဝင်းနိုင်[၁၂/ဥဂမ(နိုင်)၂၆၁၀၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ထူးမြတ်နိုးလင်း[၁၂/ဥဂတ(နိုင်)၁၇၆၅၆] နှင့် ဒေါ်ခင်စောဝင်း[၅/ဆလက(နိုင်) ၁၀၃၉၂၂]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက်(၃–၁၁–၂၀၂၆)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် အခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည်ဟုကိုယ်စားကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းမြင့် LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၄)
၄၃၊ သီတာလမ်း၊ ရန်ဆောင်ရပ်ကွက်၊ သာယံကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၈၀၂၆၀၂၀၄၊ ၀၉-၄၅၀၂၆၃၄၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွေပြည်သာမြို့နယ်၊ မြေတိုင်း(၄၆)၊ ဟသ်တ(၂)လမ်း၊ အိမ်အမှတ်(၂၄၅)လိပ်စာပါ ဒေါ်ခင်မြတ်မွန်[၁၂/အစန(နိုင်)၁၀၆၄၁၆]အမည်ပေါက် ပါမစ်မြေ ၀ေ(၄၀၄၆)မြေမှ တရားဝင်မဲခွဲစီစဉ်ခဲ့ရသော ၀ေ(၂၀၄၆)မြေနှင့် မြေပေါမြေအောက် အဂျိုးခံစားခွင့် အရပ်ရပ်အားလုံးအား လက်ရှိလက်ဝယ်ထား ဝယ်ယူပိုင်ဆိုင်ထားသောရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်ကြီး[၁၁/ဝတန(နိုင်)၀၄၆၄၁၇]မှ အပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်သန်း[၁၁/မလန(နိုင်)၀၅၅၄၄၃]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။

ထိုဖြစ်ရေ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါဖြစ်ရေအရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ
ဒေါ်နီးဝတ်ရည်(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၇၉၉၅/၂၀၀၈)
အမှတ်(၁၉၂/ခ)၊ ၈၈ရောစ်(၃)လမ်း၊ (၇)ရပ်ကွက်၊ ရွေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၄၅၀၉၆၅၃၀၀

ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံ(၁၂)ရပ်ကွက်၊ ဒဂုံလမ်း၊ အိမ်အမှတ် (၁၄၃/ခ)ရှိ အဂျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်ဝယ်ပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဝင်း (၁၂/ကမတ(နိုင်)၀၁၆၁၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အဂျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နှင်းနုလွင်
(LL.B, D.B.L, D.I.L) (LL.B) (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉)၊ သုမင်္ဂလာလမ်းကြီး၊ (၈)ရပ်ကွက်၊ ဆောင်းဥယျာဉ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၁၀၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ဗြို့ပြဖြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၁၂၉/ခ ခရိယာ(၀.၀၂၇)ဧကမြေကွက်တည်နေရာအမှတ်-၁၂၉/ခ၊ ဦးဥဇ္ဇယလမ်း၊ (၁)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၌ဦးအောင်သိန်း(DDE-၀၀၀၀၄၆)အမည် ပေါက်နံ၀(၆၀)ဂရန်းမြေအားတရားလိုဦးဖြင့်ငွေး(၁၂/ဥဂတ(နိုင်)၀၉၄၂၃၀) မှတရားဖြင့်ဦးအောင်သိန်း၌ပြန်ပေးဆွဲအပေါ်အင်းစိန်ခရိုင်တရားရုံး၂၀၂၆ ခုနှစ်တရားမကြီးမှုအမှတ်-၅၈၆၄/၂၀၂၆)ရက်စွဲပင်ညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖွဲ့ဆိုခဲ့ခြင်းအပေါ်စရိုက်နှင့်တက္ခအနိုင်ဒီကရီချမှတ်သည့်(၁၉-၅-၂၀၂၆)ရက်စွဲပါဒီကရီအင်းစိန်ခရိုင်တရားရုံး၂၀၂၆ခုနှစ်တရားမစဉ်မှုအမှတ်-၀၉၈၏(၁၀-၇-၂၀၂၆)ရက်စွဲပါဘီလစ်ခန့်စား၊ကရန်မှုစုရင်းပျောက်ဆုံးကြောင်းသက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ဂရန်မူရင်းသည်နေအိမ်အပြောင်းအရွေ့တွင် ပျောက်ဆုံးသွားကြောင်းအဆိုပါဂရန်မူရင်းအားအခြားသုတစ်ပါးသို့ရောင်းချ၊ ပေါင်နှံ၊ပေးကမ်း၊လှူဒါန်းထားခြင်းမရှိကြောင်းကျမ်းကျိန်လွှာနှင့်ပိုင်ဆိုင်မှုစီစစ်ရေးကတ်တို့တင်ပြ၍တရားရုံးကိုယ်စားဘီလစ်ခန်းဒါရိုက်တာဦး(၁၂/သလန(နိုင်)၁၂၆၁၇)မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာတာရာဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ဗြို့ပြဖြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

